မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၅၂)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာ ဘင် အဗ္ဗဒူ(လ်)အဇစ်အယ်လ်ဆာအု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ချင်းပြည်နယ်တွင် ဝန်ကြီးဌာန ဖြည့်စွက်သတ်မှတ်ခြင်း၊ ဝန်ကြီးပြောင်းလဲ တာဝန်ပေးအပ်ခြင်းနှင့် ဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

နေပြည်တော် စက်တင်ဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄၈/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။
အဆိုပါ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၄၈/၂၀၁၁)
၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

ချင်းပြည်နယ်တွင် ဝန်ကြီးဌာန ဖြည့်စွက်သတ်မှတ်ခြင်း၊ ဝန်ကြီးပြောင်းလဲ တာဝန်ပေးအပ်ခြင်းနှင့် ဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(က)တို့အရ ချင်းပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ချင်းပြည်နယ်တွင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနကို ဖြည့်စွက်သတ်မှတ်လိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ချင်းပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီး ဦးကျင့်လျှန်းပေါင်အား လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ချင်းပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် ဦးငွန်ဆန်းအောင်အား လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း (၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းနှင့် တင်သွင်းခြင်း၊ အဆို (၂)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၆၆)ဦးတို့ တက်ရောက်ကြသည်။

<u>အတည်ပြု</u>

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်း၊ အဆို (၂)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း၏ **ရန်ကုန်-နေပြည်တော်** *စာမျက်နှာ ၆ ကော်လံ ၁* ✳

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၃ ရက်)

အာဆီယံဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်

(၃၂)ကြိမ်မြောက် အာဆီယံ ပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Nuon Srei အစည်းအဝေးခန်းမ၌ စက်တင်ဘာလ ၂၀ရက်နေ့ကကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ASEAN INTER-PARLIAMENTARY ASSEMBLY (AIPA) တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခြင်းအခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် (၁၈)ကြိမ်မြောက် အာဆီယံ ပါလီမန်များအဖွဲ့ AIPO က အထွေထွေညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၆ ရက်အထိ ကျင်းပသည့်အချိန်မှစ၍ အထူးလေ့လာသူ ကိုယ်စားလှယ်နိုင်ငံအဖြစ် နှစ်စဉ်မပျက်မကွက်တက်ရောက်ခဲ့သည်။ (၂၁)ကြိမ်မြောက် AIPO အထွေထွေညီလာခံမှစ၍ အမြဲတမ်းအထူးလေ့လာသူ ကိုယ်စားလှယ်နိုင်ငံဖြစ်လာခဲ့ပြီး (၃၁)ကြိမ်မြောက် အာဆီယံပါလီမန်များအဖွဲ့ AIPA အထွေထွေညီလာခံအထိတိုင်အောင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ရွေးကောက်ပွဲတွင် အနိုင်ရရှိသော ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပပြုလုပ်ပြီး မူဝါဒလမ်းစဉ် (၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ပေသည်။

မြန်မာနိုင်ငံ၏ ပြည်ထောင်စုလွှတ်တော်သည် ငြိမ်းချမ်း၍ ထွန်းလင်းတောက်ပသော ASEAN Community ထူထောင်ရေးအတွက် AIPA သည် အဓိပ္ပာယ်ပြည့်ဝ လေးနက်သောကဏ္ဍမှ ပါဝင်ထမ်းရွက်နိုင်မည်ဟု နက်ရှိုင်းစွာ ယုံကြည်၍ AIPA သို့ ဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

(၃၂)ကြိမ်မြောက် အာဆီယံ ပါလီမန်များဆိုင်ရာ အထွေထွေညီလာခံတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား AIPA တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံကြေညာခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် AIPA တင်းပြည့်အဖွဲ့ဝင်ဖြစ်သည့် အားလျော်စွာ AIPA အဖွဲ့၏ လုပ်ရှားမှုများတွင် မြန်မာနိုင်ငံသည် တက်ကြွစွာ ပါဝင်ပြီး အာဆီယံဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူတကွ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဖျာပုံမြို့နယ်၌ အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်

ဖျာပုံ စက်တင်ဘာ ၂၂

ငါးသယံဇာတတိုးတက်ရေးနှင့် ငါးမျိုးမပြုန်းတီးရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့နယ်အတွင်းရှိ အင်းချောင်းများ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ဝါဝါသိန်းနှင့် ဝန်ထမ်းများ၊ အင်းသားကြီးများက ထိုင်းငါးခုံးမကြီး ကောင်ရေ နှစ်သိန်းကို အင်းချောင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

ဗုဒ္ဓစွယ်တော်မြတ် ပင့်ဆောင်ပူဇော်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်ပူဇော်မည့် ဗုဒ္ဓစွယ်တော်မြတ်ပင့်ဆောင်ပူဇော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓစွယ်တော်မြတ်ပင့်ဆောင်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓစွယ်တော်မြတ်ပင့်ဆောင်ပူဇော်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းက ဆပ်ကော်မတီများဖွဲ့စည်း ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လှည်းကူးမြို့နယ်၌ ဟောပြော

ရန်ကုန် စက်တင်ဘာ ၂၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ လှည်းကူးမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၁၄ရက် နံနက် ၁၀နာရီက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၊ လှည်းကူးမြို့နယ် မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က ဟောပြောဆွေးနွေးကြကာ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်းနှင့် ဟောပြောဆွေးနွေးပွဲတွင် ကျောင်းသား ကျောင်းသူ ၈၀၀ခန့် တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟင်္သာတ၌ ဈေးသည်များအား ချေးငွေပေးအပ်

ဟင်္သာတ စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ရပ်ကွက်အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းမှ လက်လုပ်လက်စား ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအား ချေးငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ဟင်္သာတမြို့ ပခန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်က ငွေချေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးငွေစုငွေချေးလုပ်ငန်း ကော်မတီ မြို့မိမြို့ဖလုပ်ငန်းရှင် ဦးမြင့်သိန်းဦးက ခေါင်းရွက်ဗျပ်ထိုးဈေးသည် ၅၀ အတွက် တစ်ဦးလျှင် ချေးငွေကျပ် သုံးသောင်းနှုန်းဖြင့် ငွေကျပ် ၁၅ သိန်းအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဌေးအုန်းနှင့် ရပ်မိရပ်ဖ ဦးအုံးမောင်တို့ထံ ပေးအပ်ပြီး တာဝန်ရှိသူများက တစ်ဦးချင်းပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၀၇၅)**

အထက (၃) ဗိုလ်တထောင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၂

အထက (၃)ဗိုလ်တထောင် ယခင်မက်သဒစ်/ရေကျော်အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ၂၀၁၁ ခုနှစ် (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၄ ရက် (တနင်္ဂနွေနေ့)တွင် အထက (၃) ဗိုလ်တထောင် သစ္စာခန်းမ သစ်သားကျောင်းဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းတွင်တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက် (၆၀) ပြည့် ဆရာ ဆရာမကြီးများအားလုံးကို ပူဇော်ကန်တော့မည်ဖြစ်ပြီး ဆရာ ဆရာမကြီးများထံ သီးခြားဖိတ်စာပို့ပေးမည်ဖြစ်ကြောင်း၊ ယခင်နှစ် ပူဇော်ကန်တော့ပွဲများတွင် ပါဝင်ခြင်းမရှိသေးသည့် ဆရာ ဆရာမကြီးများ ဆက်သွယ်ပါရန်နှင့် ကျောင်းသူကျောင်းသားဟောင်းများအားလုံး မည်သူမဆို ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန်ဖြစ်ကာ အလှူငွေများကို ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၆၃၂၂၃၊ ဦးကျော်အောင် ဖုန်း-၇၀၃၂၂၀၊ ဦးလှသိန်း ဖုန်း-၀၉-၅၀၆၇၀၃၀၊ ဦးနေဝင်း ဖုန်း- ၅၈၄၁၁၃၊ ဦးကျော်ဝင်း ဖုန်း-၅၇၉၃၁၉၊ ဦးထွန်းစိန် ဖုန်း-၀၉-၅၁၈၅၂၂၈၊ ဦးညွှန့်မောင် ဖုန်း-၀၉-၅၀၉၂၃၉၁၊ ဦးဆန်းထူး ဖုန်း-၃၉၂၃၃၀၊ ဦးခင်မောင်ဦး-ဒေါ်သိန်းသိန်းရင် ဖုန်း-၅၇၂၃၅၂၊ ဒေါ်မြမြသန်း ဖုန်း-၅၈၄၇၈၅၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း- ၃၉၆၄၇၉၊ ဒေါ်လဲ့လဲ့ဝင်းဟန် ဖုန်း-၀၉-၅၀၀၆၈၄၃၊ ဦးကျော်မြ ဖုန်း-၀၉-၈၅၀၂၂၇၉၊ ဒေါက်တာလှမြင့် ဖုန်း-၂၀၁၈၈၇နှင့် ကိုသန့်ဇော်ဖုန်း-၀၉-၅၁၁၄၇၅၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် သင်တန်းတက်ရောက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၂

ဂျပန်နိုင်ငံတွင် Young Leadership's Programme (YLP) of Japanese Government Scholarship အရ ဖွင့်လှစ်မည့် MBA တစ်နှစ်သင်တန်းသို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ဝင်းအိခိုင်သည် စက်တင်ဘာ ၁၃ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အကြံပေး ဒေါ်နုနုရီ၊ အတွင်းရေးမှူး ဒေါ်နှင်းဝေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

ရန်ကုန်အဲဝေးစ် အောက်တိုဘာ ၁၆ ရက်တွင် ပြန်လည်ပြေးဆွဲမည်

ရန်ကုန် စက်တင်ဘာ ၂၂

ATRလေယာဉ်သစ်များဖြင့် ပြေးဆွဲသည့် လေကြောင်းလိုင်းများတွင် ရန်ကုန်အဲဝေးစ်လေကြောင်းလိုင်းလည်း ပါဝင်သည်။ လေယာဉ်စီးခရီးသည်များအား ပြင်သစ်နိုင်ငံလုပ် ATRလေယာဉ်များက ဆွဲဆောင်သကဲ့သို့ ရန်ကုန် အဲဝေးစ်လေကြောင်းလိုင်းမှ ဝန်ထမ်းများ၏ ဝန်ဆောင်မှုများကလည်း ခရီးသည်များအား စိတ်ချမ်းမြေ့မှုများပေးခဲ့သည်။

ရန်ကုန်အဲဝေးစ်လေကြောင်းလိုင်းကို ၁၉၉၆ ခုနှစ်တွင် မြန်မာ့လေကြောင်းနှင့် ထိုင်းနိုင်ငံမှ Krong-Sombat Company တို့ ဖက်စပ်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ခရီးသည် ၇၀ ဆံ့ ATR-72လေယာဉ်နှစ်စင်းဖြင့် မြို့ပေါင်း ၁၈ မြို့သို့ ပျံသန်းပို့ဆောင်ပေးခဲ့ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် လေယာဉ်ခရီးစဉ်များ ပြေးဆွဲမှုကို ခေတ္တရပ်နားခဲ့သည်။

ယခုအခါ ရန်ကုန်အဲဝေးစ်ကို အတွေ့အကြုံရင့်ကျက်သော လေယာဉ်မှူးများ၊ အင်ဂျင်နီယာများ၊ ဝေဟင်မြေပြင်ကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြန်လည်ဖွဲ့စည်းထားပြီး အောက်တိုဘာ ၁၆ ရက်မှစ၍ လုံခြုံစိတ်ချ ဘေးကင်းစွာဖြင့် အကောင်းဆုံး ဝန်ဆောင်မှုများပေးကာ လေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲရန် ပြင်ဆင်ပြီးဖြစ်ကြောင်းနှင့် ရန်ကုန်အဲဝေးစ်၏ (၁၅)နှစ်ပြည့် အခမ်းအနားကိုလည်း စက်တင်ဘာ ၁၉ ရက် ညနေပိုင်းက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

(ဝင်းဝင်းသန့်)

ဆုချီးမြှင့်

ကျောက်တန်းအထက(၂) (သော်ကကျောင်း) မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်ဆုရ မောင်ဇော်ရဲဖြိုးအား ကျောင်းအုပ်ဆရာကြီး ဦးသောင်းစိန် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၁၉)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးတင်အေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက အသီးသီးအကြံပြုဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

တိကျစွာဆောင်ရွက်

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ယခင် အတွေ့အကြုံများအပေါ် အခြေခံ၍ နောင်တွင် ယခုထက် ပိုမိုပြည့်စုံကောင်းမွန်အောင် ဥပဒေနှင့်အညီ တိကျစွာဆောင်ရွက်ကြရန်မှာကြားပြီး ညနေပိုင်းတွင် ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၂၇၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ ဆုမဲပေါင်း(၁၄၇၇၁)ဆု ဖွင့်လှစ်ပေးမည်

ရန်ကုန် စက်တင်ဘာ ၂၂

(၂၇၃)ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ အောက်တိုဘာ ၁ရက် နံနက် ၈နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည် ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀တစ်ဆု၊ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၄ ဆု၊ ငွေကျပ် ၁၀ သိန်း ၃၂၂ဆု၊ငွေကျပ်ငါးသိန်းနှစ်ဆု၊ ငွေကျပ်သုံးသိန်း ၁၄၄ ဆု၊ ငွေကျပ်နှစ်သိန်း ၁၃၂၀ ဆု၊ ငွေကျပ်တစ်သိန်း ၁၂၉၆၁ ဆု အပါအဝင် ဆုမဲပေါင်း ၁၄၇၇၁ ဆု ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးများတက်ရောက်ရန် အမေရိကန်သို့ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၂၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ နှစ်ပတ်လည်အစည်းအဝေးများနှင့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးများ တက်ရောက်ရန် ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့သို့ ထွက်ခွာသွားသည်။ အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၃-၉-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၄။ တရားတော်
- ၇း၁၅ ၅။ ခမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ ဇာတ်လမ်းတို

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၄။ အဖွင့်သီချင်း
- ၄း၀၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၀ ၆။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၇။ မြန်မာစာမြန်မာစကား (အပိုင်း-၉)
- ၄း၃၀ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၉။ လျှပ်တစ်ပြက်
- ၄း၄၅ ၁၀။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၅၀ ၁၁။ အိုင်စီတီသုတ
- ၅း၁၀ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ၁၃။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ ရေအောက်ကမ္ဘာကသက်ရှိသတ္တဝါများ(အပိုင်း -၂၉)
- ၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၆။ ရွှှာ ဟာသဇာတ်လမ်းတွဲ (အပိုင်း -၁၁၆)
- ၆း၄၅ ၁၇။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီချစ်သူဆီ** (အပိုင်း -၃)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဒို့တာဝန်အရေး(၃)ပါး
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၅။ စိုက်ပျိုးသုတ
- ၂၆။ သံစဉ်များနှင့်ကမ္ဘာ
- ၂၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ်အိပ်မက်လေးရယ်** (အပိုင်း- ၄၀)
- ၃၀။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

ရန်ကုန် စက်တင်ဘာ ၂၂

သက်တမ်းလွန်မော်တော်ယာဉ်များအပ်နှံ

သက်တမ်းလွန် မော်တော်ယာဉ်များအပ်နှံခြင်းကို ရန်ကုန်မြို့၌နေရာများခွဲ၍ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**

လာရောက်အပ်နှံသည့် သက်တမ်းလွန်ယာဉ်များတွင် ဘီ-၆၀၀(လေးဘီး)၊ ဂျစ်၊ ဒေါ့ဂျစ်၊ ဘောက်စ်ဝက်ဂွန်၊ ဖင်မလီယာ၊ မော်စကိုဘစ်၊မာဇဒါဒီ-၁၂၀၀နှင့် မာစီးဒီး စသည့်ကားများပါဝင်ပြီး တောင်ဥက္ကလာပမြို့နယ် မြင်သာလိုင်စင်ရုံး၌ စက်တင်ဘာ ၁၉ ရက်မှ စတင်လက်ခံဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကားစီးရေ ၅၀၀ခန့်ရှိကြောင်း စိစစ်လက်ခံရာဌာနမှ သိရှိရသည်။

ယင်းသက်တမ်းလွန် မော်တော်ယာဉ်များ အပ်နှံပြီးစီးပါက အပ်နှံပြီးစီးကြောင်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့်

ပြေစာနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ သွားရောက်၍ တင်သွင်းခွင့်ပါမစ်ရရှိရေး ဆက်လက်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ဝင်းဝင်းမော်-သတင်းစဉ်)**

ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်နိုင် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေ မရှိ

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ (Kolkata) ၏ အနောက်တောင်ဘက် မိုင် ၉၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေအနီးမှ ကုန်းတွင်းသို့ ဖြတ်ကျော် ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိဟု သတ်မှတ်သည်။ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန် ထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၉-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈း၁၅ ၈။ **ဒီအိုတီအက်စ်**
- ၈း၂၀ ၉။ အကပြိုင်ပွဲ
- ၈း၂၅ ၁၀။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၅-၁၀အဆင့်) (အမျိုးသား၊အမျိုးသမီး)**
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၁၅ ၃။ **နှောင်းခေတ်တေးပဒေသာ**
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊သင်္ချာ အထူးပြုများ) (ရူပဗေဒ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ မြန်မာစာ၊မြန်မာစကား
- ၅း၁၀ ၇။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင်(ပထမတန်း) အဆင့်) (အမျိုးသား)**
- ၅း၂၀ ၈။ တရုတ်နိုင်ငံ၏ လေစွမ်းအင် အသုံးပြုမှု
- ၅း၃၀ ၉။ ရိုးသားဖြူစင် ကလေးတို့အသွင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၀၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၃၀)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ရုပ်စုံဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြု ဆွေးနွေးခန်း
- ၁၈။ လျှပ်တစ်ပြက်ဟာသများ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးနောက်ဆုံးချစ်ပုံပြင်** (အပိုင်း-၄)
- ၂၀။ သီချင်းချစ်သူ(V နီထွန်း)

မြန်မာ့ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းပို့ချမည်

ရန်ကုန် စက်တင်ဘာ ၂၂

ဂျပန်နိုင်ငံမှ Asia Seed နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပိုမိုပေါ်ထွက်လာစေရန်နှင့်အာဆီယံဒေသတွင် ဖွံ့ဖြိုးတိုးတက်မှုများ တန်းတူဖြစ်စေရေး အထောက်အကူပြုစေရန်အတွက် မြန်မာ့ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ Consultant Based Learning for ASEAN SMEs (COBLAS) သင်တန်းကို ရန်ကုန်မြို့ရှိ ကုန်သည်/စက်မှုအသင်းချုပ်၌ နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ သုံးလကြာ သင်တန်းသားဦးရေ ၂၀ ကို ရွေးချယ်၍ အခမဲ့ပို့ချပေးမည် ဖြစ်သည်။

လျှောက်ထားသူများသည် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်နားလည်စွာ ပြောဆိုရေးသားနိုင်သူ၊ အသက် ၃၅ နှစ်မကျော်သူ ကုန်သည်/စက်မှုအသင်းချုပ် သို့မဟုတ် ညီနောင်အသင်းများမှ အသင်းဝင်နှင့်၎င်းတို့၏ မိသားစုဝင်များနှင့် ဝန်ထမ်းများလျှောက်ထားနိုင်သည်။ အသေးစိတ် အချက်အလက်များကို ဖုန်း-၀၁-၂၁၇၄၈၀၊ ၀၁-၂၁၄၃၄၄၊ ၀၁-၂၁၄၃၄၉တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အာဆီယံနိုင်ငံများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး ဆောင်ရွက်ချက်တစေ့တစောင်း

တင်ဌေး-မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

အာဆီယံနိုင်ငံများတွင်ရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဆင်းရဲနွမ်းပါးမှုပပျောက်စေရေးအတွက် ၁၉၉၇ ခုနှစ်၌ မလေးရှားနိုင်ငံတွင် ကနဦးအစည်းအဝေး (ASEAN Inaugural Meeting on Rural Development and Poverty Eradication) ကိုကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးမှ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဆင်းရဲနွမ်းပါးမှုပပျောက်စေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့အစည်းများအား စတင်ဖွဲ့စည်းခဲ့ပါသည်။ ထို့အပြင် ဒေသအတွင်းလုပ်ငန်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministers Meeting on Rural Development and Poverty Eradication- AMRDPE) များကို ၁၉၉၈-ခုနှစ်မှစ၍ ၂နှစ်တစ်ကြိမ် ကျင်းပလျက်ရှိပြီး အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASEAN Senior Official Meeting on Rural Development and Poverty Eradication- SOMRDPE) များကို ၁၉၉၇ခုနှစ်မှစ၍ တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပလျက်ရှိပါသည်။

အာဆီယံဝန်ကြီးများအဆင့်အစည်းအဝေး(AMRDPE) များမှ ဒေသအတွင်း လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ဦးတည်ရည်မှန်းချက်ဖြစ်သော ဖွံ့ဖြိုးတိုးတက်သော၊ ကြီးပွားအောင်မြင်သော၊ ကိုယ့်အားကိုယ်ကိုး ကျေးလက်လူ့ဘောင်အသိုက်အဝန်း ထူထောင်နိုင်ရန်အတွက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်စေရေးလုပ်ငန်းအစီအစဉ် မူဘောင်(၂၀၀၄-၂၀၁၀) (Framework Action Plan on Rural Development and Poverty Eradication- ၂၀၀၄-၂၀၁၀) ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းအစီအစဉ် မူဘောင် (၂၀၀၄-၂၀၁၀) တွင် ချမှတ်ထားသောမူဝါဒများမှာ-

(က) တစ်ဦးချင်း၊ မိသားစုနှင့် ထိခိုက်လွယ်အုပ်စုများအား စွမ်းရည်မြှင့်တင်ပေးနိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊
(ခ) မူဝါဒချမှတ်ခြင်းနှင့်လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊
(ဂ) အတွေ့အကြုံကောင်းများ၊ ဗဟုသုတများ၊ သတင်းအချက်အလက်များ၊ ဖလှယ်ခြင်းနှင့် သင်တန်းများဖွင့်လှစ်ပို့ချပေးရန်၊
(ဃ) ပုဂ္ဂလိက/စီးပွားရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုအား အားပေးရန်နှင့် NGOs များအား ပိုမိုပါဝင်ဆောင်ရွက်ခွင့်ပြုရန်၊
(င) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်၊ ဒေသအဆင့် သုတေသနဌာနများအကြား ကွန်ရက်စနစ်ထူထောင်မှုအား မြှင့်တင်ရန်၊
(စ) ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်ရန်၊
(ဆ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့်ပတ်သက်၍ ဘုံရပ်တည်ချက် ဖြစ်ပေါ်လာရေး ကြိုးစားဆောင်ရွက်ရန် ဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆောင်ရွက်ချက်များကို လေ့လာသည့်အခါ နိုင်ငံတွင်း၌ ကျေးလက်ဒေသတွင် ဆင်းရဲနွမ်းပါးမှုနှုန်း ပိုများပြီး ၂၀၀၈ ခုနှစ်တွင် လူဦးရေ၏ ၃၆. ၉%ခန့်ရှိနေပါသည်။ နိုင်ငံသားများကို ဆင်းရဲနွမ်းပါးမှုဖြစ်စေသော အကြောင်းခြင်းရာ အများအပြားရှိသည့်အနက် အဓိကအချက် (၂)ခုမှာ-

(က) အလုပ်အကိုင်ဖန်တီးရန်နှင့် လုပ်ငန်းတိုးချဲ့ရန်အတွက် နည်းပညာချို့တဲ့မှု၊ လုပ်ငန်းမကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေနည်းပါးမှု၊
(ခ) မိမိတို့၏ စီးပွားရေးနှင့် လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးရေးအတွက် ငွေကြေးအရင်းအမြစ်များ လိုအပ်မှုတို့ ဖြစ်ပါသည်။

ကမ္ဘောဒီးယားအစိုးရသည် တိုးတက်မှု (Growth)၊ အလုပ်အကိုင်ဖန်တီးမှု (Employment)၊ သာတူညီမျှမှု (Equity)နှင့် စွမ်းဆောင်ရည် (Efficiency) ဟူသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဏ္ဍိုင်ကြီး(၄)ခုပေါ်တွင် အခြေတည်၍ စတုဂံမဟာဗျူဟာစီမံကိန်းများချမှတ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) မိသားစုဝင်ငွေမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း၊
(ခ) ဆင်းရဲနွမ်းပါးသူများ၏ စွမ်းဆောင်ရည်တိုးတက်ရေး သက်မွေးဝမ်းကျောင်းဆိုင်ရာအဖွဲ့များ ခိုင်မာတောင့်တင်းစေရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ထူထောင်ရေး၊
(ဂ) ဆင်းရဲနွမ်းပါးသူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာအားနည်းမှုများ လျှော့ချရေး၊
(ဃ) ကျားမတန်းတူ အခွင့်အရေးရရှိမှုမြှင့်တင်ရေး။

အင်ဒိုနီးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ချက်များကို လေ့လာသည့်အခါ နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၀၀၈ ခုနှစ်တွင် လူဦးရေ၏ ၂၄. ၁% ရှိကြောင်း တွေ့ရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းများ၊ အစီအစဉ်များကို ၁၉၈၀ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ထင်ရှားသည့် စီမံကိန်းများမှာ-

(က) လယ်ယာအနည်းငယ်သာပိုင်ဆိုင်သည့် လယ်သမားများနှင့် ရေလုပ်သားများအတွက် ဝင်ငွေတိုးမြှင့်ရေးစီမံကိန်း (၁၉၈၀ ခုနှစ်မှ စတင်ဆောင်ရွက်သည်)
(ခ) အိမ်ထောင်စုဝင်ငွေတိုးမြှင့်ရေးအစီအစဉ် (၁၉၉၁မှ ၁၉၉၃အထိ)
(ဂ) မဖွံ့ဖြိုးသေးသည့် ကျေးလက်ဒေသများအတွက် ဖွံ့ဖြိုးရေးအစီအစဉ် (၁၉၉၃မှ ၁၉၉၆အထိ)
(ဃ) အိမ်ထောင်စုလူမှုဖူလုံရေးအစီအစဉ် (၁၉၉၇မှ ၁၉၉၈ အထိ)
(င) စားနပ်ရိက္ခာလုံခြုံစိတ်ချရမှုအစီအစဉ် (၁၉၉၇မှ ၁၉၉၉ အထိ)
(စ) လူမှုဘဝလုံခြုံမှုကွန်ရက် (၁၉၉၈ခုနှစ်) တို့ဖြစ်ပါသည်။

၁၉၉၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ အုပ်ချုပ်ရေးစနစ်ပြောင်းလဲခဲ့ရာ အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး နည်းဗျူဟာကိုရေးဆွဲခဲ့ပြီး ၂၀၀၅ မှ ၂၀၀၉ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်း(၃)ရပ်မှာ-

(က) ဆင်းရဲနွမ်းပါးသူများ၏အခြေခံရပိုင်ခွင့်များ ဖြည့်ဆည်းပေးရေး၊
(ခ) ကျား/မအခွင့်အရေးညီမျှရေး၊
(ဂ) ကျေးလက်ဒေသနှင့် တသီးတခြားရှိနေသောဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ ဖြစ်ပါသည်။

အင်ဒိုနီးရှားအစိုးရအနေဖြင့် ဆင်းရဲချို့တဲ့မှုလျှော့ချမှု နည်းဗျူဟာအရ ဒေသဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အောက်ပါလုပ်ငန်းများ ပါဝင်ပါသည်-

(က) လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်ရေး ဆောင်ရွက်ပေးခြင်း၊
(ခ) ကျေးလက်ပြန်ကြားရေး ဝန်ဆောင်မှုစင်တာများ ဖွံ့ဖြိုးလာရေး ဆောင်ရွက်ပေးခြင်း၊
(ဂ) ကျေးလက်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးဆောင်ရွက်ပေးခြင်း၊
(ဃ) ဆင်းရဲနွမ်းပါးမှုလျှော့ချမှုနှင့် ပတ်သက်သည့်စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ရရှိလာသည့်အကျိုးရလဒ်အား ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့်ကျေးလက်လူထုနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏စွမ်းဆောင်နိုင်မှု ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်း။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ချက်များကို လေ့လာသည့်အခါ နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၀၀၉ ခုနှစ်စာရင်းများအရ လူဦးရေ၏ ၂၆. ၆%ခန့်ရှိနေပါသည်။ လူဦးရေ၏ ၈၀%သည် ကျေးလက်ဒေသတွင်ရှိနေပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစီမံကိန်းများအား သွင်ပြင်လက္ခဏာပေါ်မူတည်၍ အမျိုးအစား (၃)မျိုး ခွဲထားပါသည်-

(က) ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပေါင်းစပ်စီမံကိန်းများ (Integrated Development Projects)၊
(ခ) ကဏ္ဍအလိုက်စီမံကိန်းများ (Sectoral Projects)၊
(ဂ) လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Community Development Projects)၊

လာအိုအစိုးရမှ ဆင်းရဲချို့တဲ့မှုလျှော့ချရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) ကျေးလက်ဒေသနှင့် ဝေးလံခေါင်ဖျားဒေသအားလုံးသို့ ဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေးလုပ်ငန်း၊
(ခ) ကျေးလက်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်း၊
(ဂ) ကျေးလက်ဒေသ၏ ဈေးကွက်ပေါင်းစည်းမှု တိုးတက်ရေးအတွက် စီးပွားရေးပြန်လည်ထူထောင်စေရေးလုပ်ငန်း၊
(ဃ) လူထုဗဟိုပြုသည့်အရင်းအမြစ်များ စီမံခန့်ခွဲမှုအား ပိုမိုကောင်းမွန်စေခြင်း၊
(င) အရည်အသွေးရှိသည့် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများနှင့် ဆက်သွယ်မှု လွယ်ကူစေခြင်း၊
(စ) ချေးငွေများထောက်ပံ့ပေးခြင်း။

မလေးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ချက်များကို လေ့လာသည့်အခါ ၂၀၁၀ ခုနှစ်တွင် အလွန်အမင်းဆင်းရဲသည့် လူဦးရေ ၂%နှင့် ဆင်းရဲနွမ်းပါးသူလူဦးရေမှာ ၃. ၂%ရှိပါသည်။ ၂၀၂၀ ခုနှစ်တွင် နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှုပပျောက်သွားစေရန် ကျေးလက်ဖွံ့ဖြိုးရေးမဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မလေးရှားနိုင်ငံတွင် ဆင်းရဲသူလူဦးရေ၏ ၇၀. ၆% သည် ကျေးလက်တွင်နေထိုင်ပြီး ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တွေ့ရှိရသည့် အခက်အခဲ စိန်ခေါ်မှုများမှာ-

(က) ကျေးလက်ဒေသ၏ဆင်းရဲနွမ်းပါးမှုဖြစ်ပွားနေမှု၊
(ခ) မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေမှု၊
(ဂ) မြို့ပြနှင့်ကျေးလက်ဒစ်ဂျစ်တယ်နည်းပညာကွာခြားနေမှု တို့ဖြစ်ပါသည်၊

မလေးရှားနိုင်ငံက ကျေးလက်ဖွံ့ဖြိုးရေးအတွက် အတွေးအမြင်သစ်နှင့် နည်းဗျူဟာ (New Philosophy and Strategy for Rural Development)ဖြင့် ဆောင်ရွက်သောလုပ်ငန်းစဉ်(၇)ရပ်မှာ-

(က) လူချွန်လူတော်များဖွံ့ဖြိုးတိုးတက်စေခြင်း (Developing Human Excellence)၊
(ခ) မိသားစုနှင့်၎င်း၏လူနေမှုဘဝပိုမိုအားဖြည့်ပေးခြင်း (Strengthening the Family and its Well-Being)
(ဂ) ကိုယ်ပိုင်သိမြင်မှုနှင့်အရင်းအမြစ်ပြည့်ဝသည့် လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ (Developing a Community which is Self-Aware and Resourceful)
(ဃ) အရည်အသွေးမြင့်အခြေခံအဆောက်အအုံများတည်ဆောက်စေခြင်း၊ (Building High Quality Infrastructures)
(င) မိမိရေရှည်တည်တံ့စေမည့် စီးပွားရေးကို ကိုယ်တိုင်တည်ဆောက်ခြင်း၊ (Building a Self-sustaining Economy)
(စ) ဝန်ဆောင်မှုဖြန့်ဝေမှုစနစ် ထိရောက်မှုရှိစေခြင်း၊ (Setting-up and Effective Delivery System)
(ဆ) အပြောင်းအလဲအား တုံ့ပြန်လှုံ့ဆော်ပေးနိုင်သည့် အဖွဲ့အစည်း မူဘောင်အား ဖန်တီးပေးခြင်း (Creating a Institutions Framework Which Encourage Responsiveness to Change)တို့ဖြစ်ပါသည်။

ထို့အပြင် မလေးရှားနိုင်ငံတွင် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟမှု ကျဉ်းမြောင်းစေရေးအတွက်-

(က) အသင်းအဖွဲ့ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်မှု ပိုမိုအားကောင်းစေရေး၊
(ခ) ကျေးလက်တိုးတက်ရေးစင်တာများ မြှင့်တင်ပေးရေး၊
(ဂ) စီးပွားရေးဆောင်ရွက်မှုများ တိုးတက်လာစေရေး၊
(ဃ) အခြေခံအဆောက်အအုံနှင့် လူမှုရေးလိုအပ်ချက်များအား ထောက်ပံ့ပေးရေး၊
(င) လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး စသည့်လုပ်ငန်းများအား အကောင်အထည်ဖော်လျက်ရှိပါသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်မှုများကို လေ့လာသည့်အခါ နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၀၀၈ ခုနှစ်တွင် လူဦးရေ၏ ၃၂. ၉%အထိ ရှိပါသည်။ ဖိလစ်ပိုင်အစိုးရ၏ ယခင်အသုံးပြုခဲ့သည့် နည်းဗျူဟာများတွင် ကူညီမှုလိုအပ်သောမိသားစုများသို့ ပေးကမ်းထောက်ပံ့ခြင်းများ၊ နိုင်ငံ၏ အရင်းအမြစ်များကို လွှဲပြောင်းပေးခြင်းတို့သည် ဆင်းရဲနွမ်းပါးသူများအား အကူအညီမဲ့သကဲ့သို့ ခံစားနေရမှုကိုသာတိုးမြှင့်စေကြောင်း သုံးသပ်တွေ့ရှိရသဖြင့် နောက်ပိုင်းတွင် ဖိလစ်ပိုင်အစိုးရသည် လူမှုရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအစီအစဉ်များအနက် ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် (Kalahi-CIDSS) စီမံကိန်းသည် အောင်မြင်မှုရရှိခဲ့သည့် စီမံကိန်းတစ်ခု ဖြစ်ပါသည်။ ယင်းစီမံကိန်းတွင် အောက်ပါလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်-

(က) လယ်ယာမြေပြုပြင်ပြောင်းလဲရေးလုပ်ငန်း၊
(ခ) သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်း၊
(ဂ) ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးလုပ်ငန်း၊
(ဃ) စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး ငွေကြေးအရင်းအနှီးများ ထုတ်ပေးခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားရေး ဆောင်ရွက်ပေးခြင်း၊
(င) ဆင်းရဲနွမ်းပါးသူများအား Decision Making Process တွင် ပူးပေါင်းပါဝင်စေခြင်း။

ဖိလစ်ပိုင်အစိုးရသည် ယခုလက်ရှိတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (၅)နှစ်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းစီမံကိန်းများတွင် ပါဝင်သည့်လုပ်ငန်းများမှာ-

(က) စီးပွားရေးလုပ်ငန်းကြီးများ တည်ငြိမ်ဖွံ့ဖြိုးရေး၊
(ခ) လယ်ယာစိုက်ပျိုးရေးနှင့် သားငါးကဏ္ဍ ခေတ်မီဖွံ့ဖြိုးရေး၊
(ဂ) အမျိုးသမီးများ၊ကလေးငယ်များ၊သက်ကြီးရွယ်အိုများ ကဲ့သို့သော ထိခိုက်လွယ်အုပ်စုများအားကာကွယ်ပေးသည့်အစီအစဉ်များ အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊
(ဃ) ကောင်းမွန်မှန်ကန်သော အုပ်ချုပ်မှုစနစ်နှင့် တရားဥပဒေစိုးမိုးရေး၊
(င) ကျေးလက်သမဝါယမအသင်းနှင့် သမဝါယမလုပ်ငန်းများအား အားပေးကူညီခြင်း၊
(စ) ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ပို့ဆောင်နိုင်ရန် လမ်းသစ်များ ဖောက်လုပ်ခြင်း၊
(ဆ) လယ်သမားများ၊ရေလုပ်သားများအပေါ် ခေါင်းပုံဖြတ် ကုပ်သွေးစုပ်မှု လျှော့နည်းစေရန် ဆောင်ရွက်ပေးခြင်း၊
(ဇ) ပိုမိုစနစ်ကျ ထိရောက်သော လုံခြုံရေးကွန်ရက် (Safety Net) နှင့် အစီအမံများ အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့ပေးခြင်း။

ထို့အပြင် ဖိလစ်ပိုင်အစိုးရသည် အောက်ခြေလူမှုအဖွဲ့အစည်းများအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းကို ဒေသခံပြည်သူများအား ပူးပေါင်းပါဝင်စေခြင်းဖြင့် အကောင်အထည်ဖော်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ထင်သာမြင်သာရှိမှု၊ လူထုပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် တာဝန်ယူနိုင်မှုတို့သည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်များ၏ အောင်မြင်မှုကို အထောက်အကူဖြစ်စေကြောင်း တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်မှုများကို လေ့လာသည့်အခါ ၂၀၀၈ ခုနှစ်စာရင်းများအရ ထိုင်းနိုင်ငံ၏ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် လူဦးရေ၏ ၈. ၉၅% ခန့်ရှိနေပြီး ကျေးလက်ဒေသတွင် ဆင်းရဲချို့တဲ့သူ၏ ၉၀%ခန့် ရှိပါသည်။ အာဆီယံဒေသအတွင်း ထူးခြားသည့်ဆောင်ရွက်မှုအနေဖြင့် ထိုင်းနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှင့် လူမှုရေးပြဿနာများ ကြုံတွေ့နေရသည့် ပြည်သူများအား ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၄ ခု မတ်လ ၃၁ ရက်နေ့အထိ မိမိတို့၏ အခက်အခဲပြဿနာများအား ဖော်ထုတ်မှတ်တမ်းတင်စေသည့်အစီအစဉ်အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်တွင်းအုပ်ချုပ်ရေးဌာန(Department of Local Administration) မှ စီစဉ်ဆောင်ရွက်ခဲ့ရာ ဆင်းရဲနွမ်းပါးသူပြည်သူ (၈)သန်းခန့်မှ မိမိတို့၏အခက်အခဲပြဿနာ(၁၂. ၃)သန်းအား ဖော်ထုတ်မှတ်တမ်းတင်ခဲ့ကြပါသည်။ တင်ပြလာသည့် ပြဿနာများအား (National Poverty Reduction Center-NPRC) မှ ဆန်းစစ်ခဲ့ရာ အောက်ပါအတိုင်း အမျိုးအစား(၈)မျိုး ခွဲခြားနိုင်ခဲ့ပြီး ယင်းပြဿနာများအား သက်ဆိုင်ရာအစိုးရအေဂျင်စီများသို့ ဝန်ဆောင်မှုများနှင့်အကူအညီများ ပံ့ပိုးပေးနိုင်ရန် လွှဲပြောင်းပေးခဲ့ပါသည်-

(က) အကြွေးတင်ခြင်း (Indebtedness) (၄၁. ၀၀)%
(ခ) လယ်မြေမလုံလောက်မှု (Lack of Farm Land) (၂၉. ၃၂)%
(ဂ) အိုးအိမ်မလုံလောက်မှု (Lack of Housing) (၁၆. ၁၅)%
(ဃ) အလုပ်လက်မဲ့ဖြစ်မှု (Unemployment) (၃. ၁၂)%
(င) လှည့်စားခံရမှု (Deception) (၀. ၇၀)%
(စ) တရားမဝင်အလုပ်လုပ်ကိုင်မှု (Illegal Profession) (၀. ၇၀)%
(ဆ) ပျံကျနေထိုင်သူ (Wanderer) (၀. ၀၄)%
(ဇ) အခြား (Others) (၉. ၅၂)%

ထိုင်းနိုင်ငံအစိုးရသည်ကျေးလက်စီးပွားရေးတိုးတက်စေရေးအတွက် ကျေးရွာများအတွင်း စီးပွားရေးဆောင်ရွက်နေသူများအနေဖြင့် Small Enterprise နှင့် Medium Enterprise ဟူ၍ မျိုးတူရာစီးပွားရေး အုပ်စုများစုဖွဲ့စေပြီး ကျေးလက်ထုတ်ကုန်ဈေးကွက်များဖော်ဆောင်ခဲ့ပါသည်။ အစိုးရမှ Small Enterprise တစ်ခုလျှင် ဘတ်ငွေတစ်သိန်း၊ Medium Enterprise တစ်ခုလျှင် ဘတ်ငွေသုံးသိန်း အတိုးမဲ့ငွေထုတ်ချေးခဲ့သဖြင့် ကျေးလက်ဒေသထွက်ကုန်များ ဈေးကွက်အတွင်း နေရာရရှိလာပြီး ပြည်ပသို့ဖြန့်ဖြူးနိုင်သည်အထိ တိုးတက်လာခဲ့ရာ ကျေးလက်စီးပွားရေး တိုးတက်လာခဲ့ပါသည်။

ထိုင်းနိုင်ငံတွင်ဆောင်ရွက်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း(၄)မျိုးမှာ-

(က) အခြေခံအဆောက်အုံများတည်ဆောက်ပေးခြင်း၊
(ခ) ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဂ) အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အရင်းအနှီးများထုတ်ချေးခြင်း၊ ပြည်တွင်း ပြည်ပဈေးကွက်ချဲ့ထွင် ဖော်ဆောင်ခြင်း၊
(ဃ) ဒေသခံပြည်သူများ၏ စွမ်းရည်မြင့်မားစေရန် ဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်မှုများကို လေ့လာသည့်အခါ ၂၀၀၈ ခုနှစ်စာရင်းများအရ ဆင်းရဲနွမ်းပါးမှုသည် လူဦးရေ၏ ၁၆%ခန့်ရှိပါသည်။ နိုင်ငံလူဦးရေ၏ ၆၇. ၈%သည် ကျေးလက်ဒေသတွင် နေထိုင်ပြီး ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီး (၃)ရပ်မှာ-

(က) ငတ်မွတ်မှုပပျောက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်းများ၊
(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောဟက်တာ ၅သန်း စီမံကိန်း၊

စာမျက်နှာ ၅ ကော်လံ ၁သို့

ရှင်းလင်းပြသ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပဲခူးတိုင်းဒေသကြီးမှ ကြံစိုက်တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအား နေပြည်တော် ညောင်ပင်ကြီးစုရှိ တောင်သူပညာပေးအထူးအထွက်တိုး ကြံစိုက်ခင်းသစ်၌ ရှင်းလင်းပြသစဉ်။

(သတင်းစဉ်)

စာတ်မြေသြဇာသွင်းအားစု လိုအပ်ချက်များ အချိန်ကိုက်၊ အချိုးကျ ထည့်သွင်းအသုံးပြု တောင်သူများတွက်ခြေကိုက်ရန် ဈေးနှုန်းနှင့်ဈေးကွက်ခိုင်မာရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ပဲခူးတိုင်းဒေသကြီးမှ ကြံစိုက်တောင်သူ ၄၆ ဦးနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင် လေးဦး စုစုပေါင်း ၅၀တို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ညောင်ပင်ကြီးစုရှိ ရွှေ့ပြောင်းစံပြစက်မှုလယ်ယာဧက ၅၀၀ စိုက်ပျိုးရေးအထူးဇုန်အတွင်းရှိ တောင်သူပညာပေး အထူးအထွက်တိုးကြံစိုက်ခင်းသစ် လေးဧက၌တွေ့ဆုံ၍ ကြံသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွက်တိုးမျိုးကောင်းမျိုးသန့်များ အစားထိုးစိုက်ပျိုးရန်၊ သိပ္ပံနည်းကျ စိုက်နည်းစနစ် (GAP)ကို ပြောင်းလဲစိုက်ပျိုးရန်၊ ဓာတ်မြေသြဇာသွင်းအားစု လိုအပ်ချက်များကို အချိန်ကိုက်၊ အချိုးကျ ထည့်သွင်းအသုံးပြုရန်၊ စတင်စိုက်ပျိုးချိန်မှ ခုတ်သိမ်းချိန်အထိ အလေအလွင့်နည်းပြီး ထုတ်လုပ်ကုန်ကျစရိတ်သက်သာစေရန်နှင့် ထွက်ရှိလာသောကြံများကို တောင်သူများတွက်ခြေကိုက်ရန် ဈေးနှုန်းနှင့်ဈေးကွက် ခိုင်မာရေးဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် လေ့လာရေးကြံစိုက်တောင်သူများသည် တောင်သူပညာပေး အထူးအထွက်တိုး ပညာပေးစိုက်ခင်းသစ် တစ်ဧက တန် ၅၀ အထက်ထွက်ရှိမည့် စိုက်ခင်းသစ် လေးဧက၊ တစ်ဧက တန် ၆၀ အထက်ထွက်ရှိမည့် အထူးအထွက်တိုး လမိုင်းစိုက်ခင်း ၁၀ ဧကတို့ကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ တောင်သူပညာပေး အထူးအထွက်တိုး စံပြစပါးစိုက်ခင်း ဧက ၄၀ စိုက်ခင်း၌ ရက် ၁၀၀ သက်တမ်းရှိ အောင်နှံများစုံညီနေသော စပါးပင်များအား အထူးအထွက်တိုး သိပ္ပံနည်းကျစနစ်ဖြင့် စိုက်ခင်းပြုစုဆောင်ရွက်မှုကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ဆွေးနွေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တောင်သူများ ဝင်ငွေတွက်ခြေကိုက်ရန် တစ်ဧကတင်း ၁၀၀ အထက်ထွက်ရှိရန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့် အထူးအထွက်တိုးမျိုးများ ပြောင်းလဲသုံးစွဲရန်နှင့်သိပ္ပံနည်းကျ စိုက်နည်းစနစ်များ ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် အရည်အသွေးမီ စပါးကောင်းများထွက်ရှိပြီး လယ်သမားများ ကုန်ကျစရိတ်နှင့် ဝင်ငွေတွက်ခြေကိုက် လာမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ လေ့လာရေးတောင်သူများသည် တစ်ဧကတန် ၅၀ အထက် ထွက်ရှိမည့် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာ အထူးအထွက်တိုး ကြံစိုက်ခင်း ငါးဧကနှင့် ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာ တစ်ဧက တန် ၆၀ အထက် ထွက်ရှိသည့် အထူးအထွက်တိုး ကြံစိုက်ခင်း ၁၀ ဧကတို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၂ခုနှစ် ရုံးသုံးပြက္ခဒိန်ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ပုံနှိပ်ထုတ်ဝေသော ၂၀၁၂ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ ၂၀၁၂ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ်၅၂၉-၅၃၁ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေးမြို့) ဖုန်း-၀၂-၆၂၉၃၁၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် (မန္တလေး)၊ အရိုးရောဂါပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာသန်းချိုအား ယင်းဦးစီးဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၁၁ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာအု(ဒ်)အယ်လ်ဖိုင်ဆယ်ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ကျောက်ဖြူ၊ တောင်ကုတ်နှင့်မာန်အောင်မြို့နယ်တို့အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဆွေးနွေးမှာကြား

နေပြည်တော် စက်တင်ဘာ ၂၂

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်သည် စက်တင်ဘာ ၁၇ ရက် ညနေ ၄ နာရီက ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ မောင်တောခရိုင် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဆင်းရဲမှု လျှော့နည်းပပျောက်ရေးလုပ်ငန်းများကို အောက်ခြေအထိ ကွင်းဆင်းပြီး ပြည်သူနှင့်ထိတွေ့လျက် ပြည်သူ့လိုအပ်ချက်များကိုရယူကာ ပေါင်းစပ်ညှိနှိုင်း ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ညနေပိုင်းတွင် အမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံ

ပြည်နယ်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် မာန်အောင်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မာန်အောင်မြို့နယ် ပြည်သူ့ဆေးရုံ လူနာဆောင်များကို လှည့်လည်ကြည့်ရှုပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကာ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေး၍ ပြည်သူ့ဆေးရုံအတွက် အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မာန်အောင်မြို့နယ်ရှိ စမုံတဲလေယာဉ်ကွင်း၌ လေယာဉ်ကွင်းတိုင်းတာရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မာန်အောင်မြို့ကျွန်းပတ်လမ်းတစ်လျှောက်ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ မာန်အောင်မြို့ရှိ ရေလှိုင်းပြာ ရေထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၌ ကျောက်ပုစွန်များ မွေးမြူထားရှိမှု၊ ထုတ်လုပ်မှုနှင့် ဈေးကွက်ရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မာန်အောင်မြို့နယ် စည်ပင်သာယာ မြို့မဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် တောင်ကုတ်မြို့သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌မြို့နယ်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍တောင်ကုတ်မြို့ရှိ ရတနာတောင်ကုတ်စပါးအထူးပြုကုမ္ပဏီ၏တစ်နေ့တန် ၃၀ ကျ ပေါင်းဆန်စက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၄ မှ

(ဂ) အမျိုးသားကျေးလက်ရေရရှိရေးနှင့် သန့်ရှင်းရေးစီမံကိန်းတို့ ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံတွင်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်-

(က) အစားအစာဖူလုံစေရန်အတွက် လယ်ယာစိုက်ပျိုးရေး ထွက်ကုန်နှင့် ရေထွက်ကုန်တို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊

(ခ) လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ ရေထွက်ကုန်နှင့် ကျေးလက်ကဏ္ဍ၏ အခြားဆောင်ရွက်မှုများတွင် သုတေသနနှင့် နည်းပညာများပိုမိုအသုံးချရေး ဆောင်ရွက်ပေးခြင်း၊

(ဂ) ၂၀၁၀ခုနှစ်တွင် ကျေးလက်သောက်သုံးရေရရှိရေးနှင့် သန့်ရှင်းရေးအား အမျိုးသားအဆင့် နည်းဗျူဟာချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊

(ဃ) ကျေးလက်ဒေသများတွင် ငွေကြေးနှင့်ချေးငွေလုပ်ငန်းများ ပိုမိုကောင်းမွန်စွာရရှိရေး ဆောင်ရွက်ပေးခြင်း၊

(င) ဆင်းရဲနွမ်းပါးသည့်လူ့အဖွဲ့အစည်းများအတွက် အသေးစား ဆည်မြောင်းများ ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ပေးခြင်း၊

(စ) ဆင်းရဲနွမ်းပါးသူများအလုပ်အကိုင်တည်ငြိမ်မှုရရှိစေရေး အခြေအနေများ ဖန်တီးပေးခြင်း၊

(ဆ) အလုပ်အကိုင်ရှာဖွေရေးအား အမျိုးသားအဆင့် အစီအစဉ်ဖြင့် ဆောင်ရွက်ပေးခြင်း၊

(ဇ) မိသားစုလုပ်ငန်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခြင်းနှင့် ကာကွယ်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆောင်ရွက်ချက်များ ကို လေ့လာသည့်အခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၌ တစ်နိုင်ငံလုံး အချိုးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောက်ပါ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (၃)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊

(ဂ) အထူးဖွံ့ဖြိုးရေးဇုန် (၂၄)ဇုန်စီမံကိန်း။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀%သည် ကျေးလက်တွင်နေထိုင်ကြပြီး ကျေးလက်ဆင်းရဲနွမ်းပါးမှုသည်လည်း မြို့ပြဒေသထက် ဖြစ်ပွားမှုများပြားသဖြင့် မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို အောက်ပါလုပ်ငန်းစဉ် (၅)ရပ်ဖြင့်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရမှ ချမှတ်ပေးခဲ့ပါသည်-

(က) ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်စေရေး၊

(ခ) ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊

(ဂ) ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်အတန်းမြင့်မားရေး၊

(ဃ) ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေး၊

(င) ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး။

အထက်ဖော်ပြပါဆောင်ရွက်ချက်များကြောင့် နိုင်ငံ၏ဆင်းရဲနွမ်းပါးမှု ဖြစ်ပွားမှုမှာ ၂၀၀၅ခုနှစ်တွင် လူဦးရေ၏ ၃၂%မှ ၂၀၁၀ခုနှစ်တွင် ၂၆% အထိ လျော့ကျခဲ့ပါသည်။ ၂၀၁၁ခုနှစ်၊ ဇွန်လ ၁၀ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးမှ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သော **ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ**ကို ဖွဲ့စည်းပြီး အောက်ပါလုပ်ငန်းစဉ်(၈)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊

(ခ) ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဃ) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(င) ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(စ) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊

(ဆ) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး၊

(ဇ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး။

အာဆီယံနိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း ဆောင်ရွက်ချက်များအား လေ့လာသည့်အခါ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) တိုးနှုန်းသည် အလုပ်အကိုင် အခွင့်အလမ်းသစ်တို့ကို မဖန်တီးနိုင်သဖြင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မှုမရှိကြောင်း တွေ့ရှိရပြီး ကျေးလက်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်ရရှိရေး ဆောင်ရွက်မှုများသည် ဆင်းရဲနွမ်းပါးမှု လျှော့ချမှုအတွက် အရေးပါကြောင်း တွေ့ရှိရပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် မိမိနိုင်ငံနှင့် သင့်တော်သည့် နည်းဗျူဟာ/မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ကြရသည်ဖြစ်ရာ အာဆီယံနိုင်ငံများ၏ ဆောင်ရွက်ချက်များကို သိရှိနိုင်စေရေးအတွက် လေ့လာတင်ပြအပ်ပါသည်။

လူကုန်ကူးမှုဆိုင်ရာ သတင်းများ ဆက်သွယ်ပေးပို့နိုင်

နေပြည်တော် စက်တင်ဘာ ၂၂

နိုင်ငံတော်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်ပေးပို့

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့ရမည့် ဖုန်းနံပါတ်များကို ထားရှိပေးထားသည်။ ၎င်းတို့မှာ နေပြည်တော် ဖုန်း- ၀၆၇-၄၁၂၅၅၅၊၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း- ၀၉-၄၉၅၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း-၀၉-၄၉၅၅၅၇၇၇နှင့် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၅၅၅၈၈၈နှင့် ၀၉-၄၉၅၅၅၉၉၉တို့ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူများ၏ လိုအပ်ချက်များအပေါ် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဖြစ်နိုင်သမျှ စွမ်းအားပြည့် ဖြည့်ဆည်းပေးရန် အထူးပင်ဆန္ဒရှိ

** ရွှေဖုံးမှ*

လမ်းမကြီးတစ်လျှောက်တွင် မော်တော်ဆိုင်ကယ်စီးသူများနှင့် နွားများကြောင့် ယာဉ်မောင်းများအနေဖြင့် ခရီးသည်များနှင့် ၎င်းတို့၏ ယာဉ်အန္တရာယ်အတွက် စိုးရိမ်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ယာဉ်မောင်းများက မှားယွင်းသော အချက်ပြစနစ်ကိုကျင့်သုံးလျက်ရှိရာ ယင်းကိစ္စရပ်များအား အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က လက်ရှိတွင် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်၌ (ဃ) အဆင့် ရဲစခန်းများအား ရန်ကုန်နှင့် နေပြည်တော်အကြားတွင် (၇)ခု၊ နေပြည်တော်နှင့် မန္တလေးအကြားတွင် (၅)ခုထားရှိပြီး အမြန်လမ်းတစ်လျှောက် လုံခြုံရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတို့အတွက် ထားရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် လမ်းကြောင်းပေါ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အပြည့်အဝ ဆောင်ရွက်နိုင်ရန် (ဃ)အဆင့်စခန်းများမှ (က)အဆင့် စခန်းများအထိ မြှင့်တင်ပြီး အင်အားတိုးချဲ့ဆောင်ရွက်ရန်နှင့် ရဲစခန်းများနှင့်အလှမ်းဝေးသော တံတားကြီးများတွင်လည်း တံတားကင်းရဲစခန်းများထားရှိ၍ လုံခြုံရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းဆောင်ရွက်ရေး စီမံထားရှိပါကြောင်း။

ပြဋ္ဌာန်းဆောင်ရွက်

၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ ၁၇ ရက်တွင်ထုတ်ပြန်ခဲ့သည့် လမ်းမကြီးများဥပဒေ ပုဒ်မ ၂၉(က)၌ လမ်းမကြီး၏ လမ်းမျက်နှာပြင်ပေါ်တွင် တိရစ္ဆာန်များကိုမောင်းနှင်ခြင်း၊ ဆွဲယူခြင်း၊ စီးနင်းခြင်း၊ ချည်ထားခြင်း၊ ထိန်းကျောင်းခြင်း၊ လွှတ်ကျောင်းခြင်းမပြုရဟု ပြဋ္ဌာန်းထားသကဲ့သို့ အဆိုပါဥပဒေကိုဖောက်ဖျက်ပါက ထောင်ဒဏ်(၃)လအထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဟုလည်း ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါကြောင်း။

အမြန်လမ်းမကြီးဘေးတစ်လျှောက်ရှိရွာများမှ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စများသွားလာရာတွင် အမြန်လမ်းမကြီးပေါ်၌ ဆိုင်ကယ်များအသုံးပြုသွားလာနေမှုများနှင့်ပတ်သက်၍လည်းကောင်း၊ အလားတူ ရန်ကုန်မှ မိုင်တိုင်(၅၀) ပတ်ဝန်းကျင်တွင် နွားများအုပ်စုလိုက်လမ်းမပေါ်တွင် ညအချိန်မတော် တက်ရောက်နေမှုနှင့် ပတ်သက်၍လည်းကောင်း အမြန်လမ်းမကြီးရှိ ရဲစခန်းများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

အဝေးပြေးလမ်းမကြီးပေါ်ရှိ ယာဉ်မောင်းများအနေဖြင့် မှားယွင်းသောအချက်ပြစနစ်ကို ကျင့်သုံးလျက်ရှိသည့် ကိစ္စနှင့်ပတ်သက်၍ အမြန်လမ်းမကြီးပေါ်၌ ယာဉ်မောင်းများသည် ယာဉ်ကျော်တက်ရန် အချက်ပြသည့်အခါ ယာဉ်၏ဝဲဘက်အချက်ပြ မီးအား အသုံးပြု၍ ကျော်တက်ခိုင်းလေ့ရှိသည်ကိုတွေ့ရှိရသဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများပြုလုပ်ပြီး မှားယွင်းနေသည့်အချက်ပြစနစ်များအား ဆွေးနွေးဟောပြောကာ မှားယွင်းစွာ အသုံးမပြုရန် ထည့်သွင်းဟောပြောအသိပညာပေးခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှလည်း ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက လယ်ယာနှင့်ဆည်မြောင်းကဏ္ဍဆိုင်ရာ မေးခွန်း (၄)ခုကို မေးမြန်းခဲ့ရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြန်လည်ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း၏ **ရွှေးမြစ်နှင့်ပြာမလေ့မြစ်ကြားအတွင်းရှိ လယ်ယာမြေဧက (၃၀၀၀၀)ခန့်သို့ လွန်ခဲ့သည့်(၃)နှစ်ခန့်မှစ၍ ရေငန်ဝင်ရောက်လာသည့်အတွက် သီးနှံစိုက်ပျိုးရေးတွင် အောင်မြင်မှုနည်းလာပြီး လယ်ယာမြေပြုပြင်မှု အခက်အခဲများနှင့်ကြုံတွေ့ရပါကြောင်း၊ ထို့ကြောင့် လယ်ယာစိုက်ခင်းများအတွက် ရေငန်တားတာ ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်သူများ၏ လိုအပ်ချက်များအပေါ် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ၊ ဖြစ်နိုင်သမျှ စွမ်းအားပြည့် ဖြည့်ဆည်းပေးရန် အထူးပင်ဆန္ဒရှိပါကြောင်း၊ နိုင်ငံတော်၏ လုပ်ဆောင်ဖွယ်ရာအချက်များကို လုပ်ဆောင်ရာတွင် အဓိကတည်မှီနေသည်မှာ ဘဏ္ဍာရေးပင်ဖြစ်ပါကြောင်း၊ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာများကို ဘဏ္ဍာငွေ ဦးစားပေးမှုအပေါ် မူတည်၍ ဘဏ္ဍာငွေခွဲဝေပေးနိုင်သမျှသာ ဆောင်ရွက်နိုင်ပါကြောင်း။

ပြင်ဆင်ပေးသွားမည်

ရွှေးမြစ်နှင့် ပြာမလေ့မြစ်အကြားအတွင်းရှိ ကန်ဘက်၊ အုန်းတပင်၊ ထင်းပုံကွင်း၊ ကျူတော၊ ပေါက်ထု၊ အုန်းပင်စု စသည့်ကျေးရွာအုပ်စုများမှ လယ်သမား(၂၄၀၀)ခန့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်မြေဧက (၃၀၀၀၀)ခန့်ရှိပါကြောင်း၊ ယင်းဧရိယာများကို ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန်အတွက် ခန့်မှန်းအလျား (၉၅) မိုင်ခန့်ရှိသော ရေငန်တားတာကို ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ပထမအဆင့်အနေဖြင့် မြေပြင်စူးစမ်းလေ့လာတိုင်းတာခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်းများကိုဆောင်ရွက်မည်ဖြစ်ပြီး ဖြစ်နိုင်စွမ်းရှိသည့်အပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတော်သို့ ဦးစားပေးအစီအစဉ်ဖြင့် ဆက်လက်တင်ပြကာ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြာမလေ့မြစ်အရှေ့ဘက်ကမ်းတာများရှိ ရေတံခါးများပြုပြင်ခြင်းကို နာဂစ်မုန်တိုင်းအပြီးတွင် နှစ်အလိုက်ဘဏ္ဍာငွေရရှိမှုအပေါ် ပြုပြင်ပေးလျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ပြင်ဆင်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဆည်တောရွာအနီး မဏိပူရမြစ်ကို မဏိပူရဘက်စုံရေလှောင်တမံစီမံကိန်းအဖြစ် ၂၀၀၄-၂၀၀၅ ခုနှစ်မှစတင်ခဲ့သည့် ယင်းစီမံကိန်းကို မည်သည့်အခါ ပြန်လည်စတင်မည်နှင့် လျှပ်စစ်ဓာတ်အားထုတ်ယူရရှိသောအခါ ချင်းပြည်နယ် ကလေးဒေသနှင့်ဂန့်ဂေါဒေသကိုပါ လျှပ်စစ်ဓာတ်အားခွဲဝေဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဆည်တောကျေးရွာအနီးရှိ မဏိပူရမြစ်ကို မဏိပူရဘက်စုံရေလှောင်တမံ စီမံကိန်းအဖြစ် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်ခဲ့ပါကြောင်း၊ စီမံကိန်းမှ လယ်မြေဧက(၅၀၀၀၀)ကို ရေပေးဝေနိုင်ပြီး မြစ်သာမြစ် လွှင်ပြင်ရေကြီးမှုကိုကာကွယ်ကာ ကလေးဝအောက် ချင်းတွင်းမြစ်ရေကြီးမှုကို လျှော့ချနိုင်မည်ဖြစ်သည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား(၃၈၀)မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် မကွေးတိုင်းဒေသကြီးတို့၏ လျှပ်စစ်ဓာတ်အားလိုအပ်မှုကိုပါ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။**

မဏိပူရရေလှောင်တမံစီမံကိန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်အကုန်တွင် လုပ်ငန်းများအားလုံး၏ (၁၃ ဒသမ ၅၃)ရာခိုင်နှုန်းပြီးစီးမည်ဟု ခန့်မှန်းထားပါကြောင်း၊ ရေအားလျှပ်စစ်ထုတ်ယူခြင်း

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇော်မင်း ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ကဏ္ဍ နှင့်ပတ်သက်၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်ရန်ဖြစ်ပြီး ချင်းပြည်နယ် ကလေးဒေသနှင့်ဂန့်ဂေါဒေသများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့်အနေအထားရှိသည်ကို သိရှိရပါကြောင်း၊ စီမံကိန်းလုပ်ငန်းများအား ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းကာလအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေသုံးစွဲကုန်ကျခံနိုင်မှု ဦးစားပေးအစီအစဉ်များအပေါ် မူတည်ပါကြောင်းဖြင့် ဖြေကြားသည်။

ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်၏ **စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းမှ ကျေးရွာအုပ်စုများ၏ စပါးစိုက်ဧရိယာများတွင် ရေထုတ်ချောင်းများ ပိတ်ဆို့နေမှုကြောင့် ရေလွှမ်းမိုးလေ့ရှိသည်ကို သိရှိရပါကြောင်း၊ သို့ဖြစ်၍ ရေစီးရေလာကောင်းမွန်စေရေးအတွက် ပင်းတာရိုးရေချောင်းနှင့် အောင်တပ်ကုန်းဆည်ရေချောင်းများအား တိုးချဲ့တူးဖော်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **သဖန်းဆိပ်ရေလှောင်တမံမှဆည်ရေကို ကာဘိုးရေလွှဲဆည်၏ ရွှေဘိုတူးမြောင်းမကြီးမှတစ်ဆင့် ဝက်လက်မြို့နယ်အတွင်း ဆည်ရေသောက်ဧက (၁၀၁၂၇၉)သို့ ဆည်ရေပေးဝေလျက်ရှိပါကြောင်း၊ ဝက်လက်မြို့နယ်အတွင်း လယ်မြေများမှ ပိုလျှံရေများကို ပြဿဒ်ရေထုတ်ချောင်း၊ ပင်းတာရိုး ရေထုတ်ချောင်းနှင့် အောင်တပ်ကုန်းဆည်ရေထုတ်ချောင်းတို့မှ ထုတ်နုတ်ပါကြောင်း၊ ရွှေဘိုမြို့နယ်နှင့် ဝက်လက်မြို့နယ်အတွင်း မိုးရေချိန်(၄)လက်မအထက်ရွာသွန်းပါက ရေထုတ်ချောင်းများ ပိတ်ဆို့နေမှုကြောင့် ဝက်လက်မြို့နယ်အတွင်း ဆည်ရေသောက်ဧရိယာများ ရေလွှမ်းမိုးလေ့ရှိပါကြောင်း၊ အဆိုပါရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် ပြဿဒ်ရေထုတ်ချောင်းကို တူးဖော်ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း။**

ကာကွယ်နိုင်မည်

တိုင်းတာတွက်ချက်ထားမှုများအရ ပင်းတာရိုးရေထုတ်ချောင်းသည် အရှည် (၁၉)မိုင်နှင့် ဆောင်ရွက်ရမည့် မြေကြီးကျင်းပမာဏ(၇၀၀၀၀)ဖြစ်ပြီး ဆောင်ရွက်ပြီးစီးပါက လယ်မြေဧက(၇၅၀)ခန့်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ အောင်တပ်ကုန်းဆည် ရေထုတ်ချောင်းသည် အရှည်(၂၁)မိုင်ရှိပြီး ဆောင်ရွက်ရမည့် မြေကြီးကျင်းပမာဏမှာ(၇၅၀၀၀)ဖြစ်ကာ လယ်မြေဧက(၅၀၀)ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။

ဆည်မြောင်းဦးစီးဌာနအနေဖြင့် ကာဘိုးရေလွှဲဆည်၏ ဆည်ရေသောက်စနစ်အတွင်းရှိ ရေချောင်းများအား တိုးချဲ့တူးဖော်ဆောင်ရွက်လျက်ရှိရာ ပင်းတာရိုးရေထုတ်ချောင်း တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းနှင့် အောင်တပ်ကုန်းဆည်ရေထုတ်ချောင်းတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ နိုင်ငံတော်အစိုးရအဖွဲ့၏ လုပ်ငန်းဦးစားပေးအစီအစဉ်များအရ ရန်ပုံငွေ ခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ်တွင်မူတည်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ခွင့်ပြုရန်ပုံငွေအရ ဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင်၏ **မြစ်သားမြို့ရှိ ပန်းလောင်မြစ်ဖြတ် စမာရေလွှဲဆည် အရှေ့ဘက်တွင် သဲနုတ်ရေတံခါးတပ်ဆင်ခွင့်ရရှိထားသော်လည်း ဆက်လက်တည်ဆောက်ရန် ရန်ပုံငွေများ ခွဲဝေချပေးခြင်းမရှိသေးပါသဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မည်သို့ဆောင်ရွက်ထားသည် သို့မဟုတ် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ပန်းလောင်မြစ်ဖြတ် စမာရေလွှဲဆည်ကို ဆည်မြောင်းဦးစီးဌာနက ၁၉၉၇-၁၉၉၈ ခုနှစ်တွင် တည်ဆောက်ခဲ့ပါကြောင်း၊ အဆိုပါဆည်မှ စမာရေကူတူးမြောင်းဖြင့် လယ်ယာမြေများကို စိုက်ပျိုးရေပေးဝေလျက်ရှိပါကြောင်း၊ ရေလွှဲဆည်အထက်ပိုင်းနှင့် ဆည်အတွင်းသို့ စီးဝင်သော ကသောင်းချောင်းအတွင်းရှိ ဗေဒါနှင့် ဒိုက်များဖယ်ရှားရှင်းလင်းရန်နှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့်ဆောင်ရွက်ရန် စီမံထားရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် စမာရေလွှဲဆည် သဲနုတ်ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းအတွက် မြေပြင်တိုင်းတာခြင်း၊ ဘူမိဗေဒစူးစမ်းလေ့လာခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပြီးဖြစ်၍ ဒီဇိုင်းပုံစံများလည်း ရရှိပြီးဖြစ်ပါကြောင်း။**

တင်ပြတောင်းခံ

သဲနုတ်ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး အတွက် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ နိုင်ငံတော်အစိုးရအဖွဲ့၏ ဦးစားပေးလုပ်ငန်းအစီအစဉ်များအရ ရန်ပုံငွေ ခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ်တွင်မူတည်ပြီး ဦးစားပေးအလိုက်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဦးစားပေးအစီအစဉ်အရ ဘဏ္ဍာငွေများအား ခွဲဝေသတ်မှတ် ခွင့်ပြုဆောင်ရွက်ပေးနေရသည်ကို သိရှိနားလည်ပေးနိုင်ပါရန်နှင့် လက်ရှိတည်ဆောက်ပြီးစီးနေပြီဖြစ်သော ဆည်တမံကြီးများ၏ ရေသွယ်မြောင်းစနစ်များ တည်ဆောက်ပြီးစီးနိုင်ရေးလုပ်ငန်းကြီးများကိုပင်လျှင် ရန်ပုံငွေဦးစားပေးအစီအစဉ်များ ထည့်သွင်းလျာထားပေးနိုင်ရေးအတွက် တင်ပြတောင်းခံဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်တွင် ထော်လာဂျီ (ထုံကုန်းလေးလုံးထိုး)ယာဉ်ကို တရားဝင်သုံးစွဲနိုင်ရေးအတွက် အခွန်ပေးဆောင်၍ ယာဉ်မှတ်ပုံတင်ခွင့် ရရှိရေးဆောင်ရွက်ရာတွင် အဆိုပါယာဉ်သည် အခွန်ဆောင်ခွင့်မရရှိခဲ့သည့်အပြင် အရေးယူခံရမည့်အခြေအနေမျိုးသို့ရောက်ရှိနေသည်ကို သိရှိရပါကြောင်း၊ သို့သော်လည်း အဆိုပါယာဉ်များကို ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများတွင် တရားဝင်ရောင်းချပေးလျက်ရှိသည်ကိုတွေ့ရသဖြင့် ယာဉ်မှတ်ပုံတင်ခွင့်ရရှိရေးတွင် မည်သို့သောအကြောင်းအချက်များကြောင့် ထိုသို့ကွဲလွဲချက်များရှိနေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက **ကျေးလက်ဒေသများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ အသုံးပြုရန်ရည်ရွယ်၍ မြန်နှုန်းနိမ့်မောင်းနှင်နိုင်သော ထော်လာဂျီယာဉ်များအား "လယ်ယာသုံး ထရပ်ယာဉ်" အဖြစ် ယာဉ်အတိုင်းအတာ(၁၈ပေ×၆ပေ ၇လက်မ×၈ပေ)၊ ဝန်တင်အား ကီလိုဂရမ်(၂၀၀၀)၊ ဝင်ရိုးကီလိုဂရမ် (၃၀၀၀)အောက်၊ စက်(အင်ဂျင်) ဆလင်ဒါ(၂)လုံးထိုး၊ တာယာအရွယ်အစား(၇ ဒသမ ၅၀× ၁၆လက်မ)စသည့် ကန့်သတ်ချက်များဖြင့် မှတ်ပုံတင်ပေးလျက်ရှိပါကြောင်း၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်သော ထော်လာဂျီယာဉ်များအတွက် ခွင့်ပြုထားသည့် စံသတ်မှတ်ချက်များသည် အထက်ပါ ကန့်သတ်ချက်ဘောင်အတွင်း၌ပင် ရှိပါကြောင်း။**

ယခုမေးမြန်းသည့် ထော်လာဂျီ(ထုံကုန်းလေးလုံးထိုး)ယာဉ်များအား တရားဝင် ကြေညာ၍ အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချခြင်းအား ခွင့်ပြုထားခြင်းမရှိပါကြောင်းနှင့် ခွင့်ပြုထားခြင်းမရှိကြောင်းကိုလည်း ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံထုတ် အချို့ထော်လာဂျီအမျိုးအစားယာဉ်များသည် Light Truck မော်တော်ယာဉ်ထက် အရွယ်အစားကြီးမားပြီး ဝန်တင်အားပိုမို သယ်ဆောင်နိုင်၍ မြန်နှုန်းမြင့်မောင်းနှင်နိုင်သော စက်စွမ်းအား တပ်ဆင်ထားသည့် လယ်ယာသုံး ထရပ်(ထော်လာဂျီ)များပါရှိသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ ထော်လာဂျီယာဉ်များသည် မော်တော်ယာဉ်တစ်စီးကဲ့သို့ တည်ဆောက်ထားပြီး ထော်လာဂျီယာဉ် သတ်မှတ်ချက်များထက် များစွာကျော်လွန်နေပါကြောင်း။

ပြန်လည်ဖြေကြား

သို့ဖြစ်၍ မြန်နှုန်းမြင့်မောင်းနှင်နိုင်သော ဆလင်ဒါ(၄)လုံး အင်ဂျင်တပ်ယာဉ်များအား ထော်လာဂျီယာဉ်အဖြစ် မှတ်ပုံတင်ခွင့်မပြုနိုင်ပါကြောင်း၊ အဆိုပါယာဉ်များသည်

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်ကဲ့သို့ တည်ဆောက်ထားသဖြင့် မော်တော်ယာဉ်အဖြစ် လျှောက်ထားခြင်း၊ တင်သွင်းခွင့်ပြုခြင်း၊ အကောက်ခွန်ပေးဆောင်ခြင်းစသည့် တရားဝင်လုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်ပြီးမှသာ မော်တော်ယာဉ်အဖြစ် မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် နယ်မြေဒေသအပေါ်မူတည်၍ ကွဲလွဲသတ်မှတ်ဆောင်ရွက်ပေးခြင်းမျိုးမရှိဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီသတ်မှတ်ချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ **၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း** ကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လွှတ်တော်သို့ တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဦးစိုးရယ်က ဖတ်ကြားရှင်းလင်းသည်။

အတည်ပြုကြောင်းဆုံးဖြတ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က **"၁၉၆၄ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း** ကို အတည်ပြုရန်" အဆိုကို တင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း** ကို လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က လွှတ်တော်သို့ တင်သွင်းသည်။

ယင်းဥပဒေကြမ်းကို စက်တင်ဘာ စတုတ္ထပတ်အတွင်း ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်လိုသည့် "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ စာသား"ကို တိတိကျကျ ဖော်ပြ၍ စက်တင်ဘာ ၂၃ ရက်(သောကြာနေ့)နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရှိရသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် စက်တင်ဘာ(၂၀)ရက်က တင်သွင်းခဲ့သော တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင်၏ **ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်း အလျင်အမြန် အကောင်အထည်ဖော်ပေးပါရန်** အဆိုကို ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၊ ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင်နှင့် မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်တို့က စိုင်ဒင်စီမံကိန်း အမြန်ဆုံးပြီးစီးအောင်မြင်ပါက ရခိုင်ပြည်နယ်အတွင်း စက်ရုံ၊ အလုပ်ရုံများ တိုးတက်ဖြစ်ထွန်းလာပြီး အလုပ်လက်မဲ့နည်းပါးသွားမည်မှာ အမှန်ပင်ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက စိုင်ဒင်စီမံကိန်းကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် J.V/ B.O.Tစနစ်ဖြင့် ဆောင်ရွက်ရန်အတွက် သဘောတူညီမှု စာချွန်လွှာကို ၁၈-၁-၂၀၁၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ ဂျပန်နိုင်ငံ NEWJEC ၏ နောက်ဆုံးစူးစမ်းလေ့လာချက်အရ *စာမျက်နှာ ၇ ကော်လံ ၁ သို့*

23-9 (06).pmd 1 9/23/2011, 3:04 AM

စာမျက်နှာ ၆ မှ

၂၀၁၀ ပြည့်နှစ်တွင် တင်သွင်းသော အစီရင်ခံစာ၌ (၂၃ ဒသမ ၃၅) မဂ္ဂါဝပ်(၂)လုံး စုစုပေါင်း(၄၆ ဒသမ ၇)မဂ္ဂါဝပ်၊ ခိုင်လုံဓာတ်အား (၂၀)မဂ္ဂါဝပ်၊ နှစ်စဉ် ပျမ်းမျှဓာတ်အား ထုတ်လုပ်မှုမှာ (၂၈၁) GWh၊ စက်၏ စွမ်းဆောင်ရည် (၆၉)ရာခိုင်နှုန်းရှိသည်ကို ဖော်ပြထားပါကြောင်း၊ စက်တပ်ဆင်မှုလျော့သွားသော်လည်း နှစ်စဉ်ပျမ်းမျှ ဓာတ်အား ထုတ်လုပ်မှုတိုးလာပြီး စက်စွမ်းဆောင်ရည်(၆၉)ရာခိုင်နှုန်းရှိသဖြင့် နွေရာသီ၌ပင် လျှပ်စစ်ဓာတ်အားခိုင်လုံမှုရရှိနေမည်ဟု စူးစမ်းလေ့လာ ဖော်ထုတ်ရရှိထားပါကြောင်း၊ စိုင်ဒင်စီမံကိန်းသည် လေးမြို့၊ လေးမြို့(၂) စီမံကိန်းများနှင့် တစ်တွဲတည်း (သုံးခုစလုံး) အကောင်အထည်ဖော်မည့် စီမံကိန်းဖြစ်ပါကြောင်း။

ပိုမိုကုန်ကျမည်

ရခိုင်ပြည်နယ်၏ ဘူမိဗေဒအနေအထားအရ အောက်ခံကျောက်သားအနေအထားမှာ ကောင်းမွန်မှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိတည်ဆောက်နေသည့် သူ့ငွေးချောင်းစီမံကိန်းတွင် တမံအောက်ခြေမှ ရေစိမ့်စီးဆင်းမှုမရှိစေရန်အတွက် ရေစိမ့်တားတမံကို တမံအောက်ခြေတွင် သာမန်ထက်ပိုမိုထည့်သွင်းပြီး အချိန်နှင့်ငွေကြေးများစွာအကုန်ကျခံကာ တည်ဆောက်ခဲ့ရပါကြောင်း၊ ရေလွှဲဥမင်၊ ရေသွယ်ဥမင်စသည့် ဥမင်လိုဏ်များ ဖောက်လုပ်ရာတွင် ဒေသ၏ဘူမိဗေဒအနေအထားကြောင့် အခက်အခဲများ၊ ကြန့်ကြာမှုများစွာကြုံတွေ့ရပါကြောင်း၊ စီမံကိန်းကုန်ကျစရိတ်အနေဖြင့် ဘူမိဗေဒအခြေအနေကောင်းသောနေရာများတွင် တည်ဆောက်ရသည်ထက် (၁)မဂ္ဂါဝပ်အပေါ်တွင် (၂)ဆ သို့မဟုတ် (၂ ဒသမ ၅)ဆခန့် ပိုမိုကုန်ကျမည်ဖြစ်ပါကြောင်း။

စိုင်ဒင်စီမံကိန်းသည် ဖော်ပြပါဘူမိဗေဒအနေအထားများကြောင့် အကောင်းဆုံးဖြစ်ရန်အတွက် စူးစမ်းလေ့လာခြင်းများ၊ ဒီဇိုင်းရေးဆွဲခြင်းများအချိန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုင်ဒင်စီမံကိန်းသည် နွေရာသီတွင် လျှပ်စစ်ဓာတ်အားပိုမိုရရှိမည့် စီမံကိန်းတစ်ခုဖြစ်ခြင်းကြောင့် တည်ဆောက်အကောင်အထည်ဖော်သင့်သော စီမံကိန်းတစ်ခုဖြစ်သည့်အပြင် ယခုအခါ မိမိတို့အနေဖြင့် နိုင်ငံ၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လျှပ်စစ်ဓာတ်အားကို နိုင်ငံအတွင်း နေရာဒေသမရွေးရရှိနိုင်ရေးအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဤအဆိုပြုချက်သည် သင့်တင့်လျောက်ပတ်၍ ထောက်ခံသင့်သော အဆိုဖြစ်ပါကြောင်း။

စီမံကိန်းနှင့်ပတ်သက်၍ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာတွင် ဂျပန်နိုင်ငံ NEW-JEC Inc. မှ တင်ပြထားသော စီမံကိန်း၏ ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို ယခုအခါ ဝန်ကြီးဌာနက အသေးစိတ်သုံးသပ် စစ်ဆေးလျက်ရှိပါကြောင်း၊ ထိုသို့သုံးသပ်စစ်ဆေးရာတွင် စိုင်ဒင်စီမံကိန်း၌ တည်ဆောက်မည့်တမံအမျိုးအစားကိုလည်း ဒေသအခြေအနေနှင့်ကိုက်ညီသော ဘူမိမြေအနေအထားပေါ်တွင်မူတည်စဉ်းစား၍ အကောင်းဆုံးနှင့်အလိုက်ဖက်ဆုံးဖြစ်မည့် မြေသားတမံ၊ ကျောက်ဖြည့်တမံ၊ ဇုန်အမျိုးအစားတမံ၊ ကွန်ကရစ်တမံ စသည်ဖြင့် မည်သည့်တမံအမျိုးအစား တည်ဆောက်ရမည်ကို ရွေးချယ်ရမည်ဖြစ်ပါကြောင်း၊ သဘာဝဘူမိ အခြေအနေအရ ကျောက်နုများစွာ တည်ရှိဖြစ်ပေါ်နေပြီး အခြေအုတ်မြစ် ခိုင်မာမှုနည်းပါးသည်ကို စိစစ်တွေ့ရှိရသဖြင့် တမံအမျိုးအစားကို သေချာအောင်စိစစ်ရွေးချယ်ရမည်ဖြစ်ပါကြောင်း၊ ဒီဇိုင်းပိုင်းဆိုင်ရာကိစ္စရပ်များပြီးပါက စီမံကိန်းကိုအမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စီမံကိန်းဆိုင်ရာ ဆောင်ရွက်ဖွယ်ရာရှိသည်များကို နည်းပညာပိုင်းဆိုင်ရာ လစ်ဟာမှုမရှိအောင် သုံးသပ်ပြုစုပြီးပါက စီမံကိန်းကို သဘောတူညီမှုစာချုပ်လွှာတွင် သဘောတူညီထားသည့်အတိုင်း ဝန်ကြီးဌာနက အမြန်ဆုံးပြီးစီးအောင် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပန်းဘဲတန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း မေးမြန်းစဉ်။ (သတင်းစဉ်)

အဆိုရှင် ဒေါက်တာစံလှိုင်၏ အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထောက်ခံဆွေးနွေး

ယမန်နေ့က တင်သွင်းခဲ့သော တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၏ **မြေလွတ်မြေရိုင်းများအား အမှန်တကယ်လုပ်ကိုင်လိုသူများ တရားမျှတစွာလုပ်ကိုင်ခွင့်ရရှိရေး** အဆိုကို ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး၊ မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး၊ မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်းနှင့်သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ) ဦးမင်းထွန်းတို့က အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ကြမည့် ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် မြေလွတ်၊ မြေရိုင်းနေရာရရှိရေးအတွက် အခက်အခဲများအထိုက်အလျောက် တွေ့ကြုံနေကြရပါကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေးကို အမှန်တကယ်လုပ်ကိုင်မည့် လုပ်ငန်းရှင်များနှင့် တစ်ပိုင်တစ်နိုင်လုပ်ကိုင်မည့် တောင်သူလယ်သမားများ အကျိုးအတွက် ထည့်သွင်းစဉ်းစားပေးပါရန် တင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇(က)တွင် "နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်နှင့်လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားရှိပါကြောင်း၊ နိုင်ငံတော်ပိုင်မြေသယံဇာတ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ယင်းနှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ယင်းအဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေယာလုပ်ကိုင်အသုံးပြုခွင့်များကို စိစစ်ခွင့်ပြု ချထားပေးခဲ့ပါကြောင်း။**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စိုက်ပျိုးလုပ်ကိုင်အသုံးပြုခွင့် လျှောက်ထားမှုများကို ယခင်က တိုင်းဒေသကြီး/ပြည်နယ်အထောက်အကူပြုအဖွဲ့များ၏ စိစစ်ထောက်ခံတင်ပြမှုများအပေါ် ဗဟိုအဖွဲ့က စိစစ်လုပ်ကိုင်ခွင့်ပြုခဲ့ရာတွင် လုပ်ကိုင်ခွင့်ရသူများအနေဖြင့် လုပ်ကိုင်ခွင့်/အသုံးပြုခွင့်စည်းကမ်းချက်များတွင် ဖော်ပြထားသည့်အတိုင်း စတင်ခွင့်ပြုသည့်နှစ်မှစ၍ (၄)နှစ်တာကာလအတွင်း လုပ်ငန်းအားလုံး ရာခိုင်နှုန်းပြည့်ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အတွင်း လက်ရှိကာလအထိ မြေလွတ်၊ မြေရိုင်းခွင့်ပြုစိုက်ပျိုးလုပ်ကိုင်မှုကို ပြန်လည်စိစစ်ရာတွင် ကုမ္ပဏီလုပ်ငန်းရှင်(၈၄၅)ဖွဲ့က မြေဧရိယာ(၁၃၇၅၇၅၅)ဧကရယူထားကြပြီး (၁၃၁၉၀၀)ဧကကို စိုက်ပျိုးနိုင်ခဲ့သဖြင့် (၁၂၄၃၈၅၅)ဧက စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမရှိသေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

နိုင်ငံတော်၏ မြေလွတ်မြေရိုင်း မြေသယံဇာတများကို အကျိုးရှိစွာဖော်ထုတ်အသုံးချရန် စီမံဆောင်ရွက်ရာတွင် မြေယာလုပ်ကိုင်ခွင့်များရယူထားပြီး အမှန်တကယ်ဖော်ထုတ်စိုက်ပျိုးခြင်း မရှိသေးသည့် မြေများကို အမှန်တကယ်လုပ်ကိုင်မည့်သူများသို့ လုပ်ကိုင်ခွင့်ချထားပေးပြီး ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမည့်အပြင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုလည်း တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ယခုကဲ့သို့မြေရယူထားပြီး စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိသေးသည့်မြေများအပါအဝင် နိုင်ငံတော်ပိုင် မြေသယံဇာတများကို ထိရောက်မှန်ကန်စွာ အကျိုးရှိရှိအသုံးချ စီမံဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ၁၂-၇-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၁)ဖြင့် ယခင်က ဖွဲ့စည်းထားသည့်ဗဟိုအဖွဲ့ကိုပယ်ဖျက်ပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပါကြောင်း။

ဗဟိုကော်မတီအနေဖြင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ယခင်ဗဟိုအဖွဲ့က လုပ်ကိုင်ခွင့်ပြုချထားပေးခဲ့သော မြေလွတ်မြေရိုင်းများကို သတ်မှတ်ကာလအတွင်း စည်းကမ်းချက်နှင့်အညီ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမရှိခဲ့လျှင် ပြန်လည်သိမ်းယူပြီး အမှန်တကယ်လုပ်ကိုင်မည့်သူများသို့ စိုက်ပျိုးလုပ်ကိုင် အသုံးပြုခွင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဥပဒေကို ပြင်ဆင်ရန်အတွက် ဥပဒေကြမ်းကို ရေးဆွဲလျက်ရှိပြီး အစိုးရအဖွဲ့သို့တင်ပြ၍ လွှတ်တော်သို့ တင်သွင်းရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မြေလွတ်မြေရိုင်းများကို အမှန်တကယ် လုပ်ကိုင်လိုသူများ တရားမျှတစွာ လုပ်ကိုင်ခွင့်ရရှိရေးအတွက် မြေလွတ်မြေရိုင်းလုပ်ကိုင်အသုံးပြုခွင့် လျှောက်ထားလာမှုများအပေါ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အထောက်အကူပြုလုပ်ငန်းဌာနအဖွဲ့များ၏ စိစစ်တင်ပြချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ထောက်ခံချက်ဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိုက်ပျိုးလုပ်ကိုင်အသုံးပြုခွင့် ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးမျိုးဆွေ၏အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က **အမျိုးသားအဆင့် ကျန်းမာရေးစောင့်ရှောက်မှုဆေးကုသခွင့် လုံခြုံရေးစီမံကိန်းတစ်ရပ်ကို (က) ပြည်သူအားလုံး အာမခံပေါ်လစီဝယ်ယူခွင့်ရရှိပြီး ထူထောင်သည့်စနစ်၊ (ခ) ပုံမှန်လုပ်ခလစာရရှိသော လုပ်သားများ လစဉ်/နှစ်တွက် ထည့်ဝင်မှုကို အလုပ်ရှင်နှင့်အစိုးရတို့က ထပ်ဆောင်းပေးသည့်ရန်ပုံငွေဖြင့် ထူထောင်သည့်စနစ်၊ (ဂ) အလုပ်မရှိသေးသူ၊ ရာသီအလိုက်ဝင်ငွေရ တောင်သူလယ်သမားများ၊ အလုပ်မမှန် ပုံကျလုပ်ကိုင်စားသောက်သူများအတွက် အစိုးရက ယာယီစိုက်ထုတ်ထူထောင်သည့်စနစ်များ သီးခြားစီထူထောင်ပြီး ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်သွားရန်** အဆို၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းက **အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက် လက်တွေ့ဆောင်ရွက်ရေးမူတစ်ရပ် ချမှတ်ပေးရန်** အဆိုတို့ကို တင်သွင်းကြသည်။

ဦးကြည်မြင့်၏အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက် ထပ်မံကြေညာမည်ဖြစ်ပြီး ဆွေးနွေးမည့် ကိုယ်စားလှယ်များအနေဖြင့် စက်တင်ဘာ၂၃ ရက် ညနေပိုင်း နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းကြရန်နှင့် ဦးထန်းလိန်း၏ အဆိုနှင့်စပ်လျဉ်း၍ စက်တင်ဘာ ၂၃ ရက်တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင်အမည်စာရင်း တင်သွင်းကြရန်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရပ်နားပြီး အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစားသတင်း ပြည်တွင်းအားကစားသတင်း

AFF U- ၁၉ Championship ဆုချီးမြှင့်ပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် စက်တင်ဘာ ၂၁ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်း၌ အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် AFF U-၁၉ Championship ၂၀၁၁ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘောလုံးအသင်းနှင့် ဗီယက်နမ်ဘောလုံးအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဒိုင်လူကြီးများအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းက လည်းကောင်း၊ အသန့်ရှင်းဆုံးဆုရရှိသော မလေးရှားဘောလုံးအသင်းအား တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်ကလည်းကောင်း၊ တတိယဆုရ မလေးရှားဘောလုံးအသင်းအား တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်က လည်းကောင်း၊ ဒုတိယဆုရ ဗီယက်နမ်ဘောလုံးအသင်းအား တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်ဝင်းက လည်းကောင်း၊ ပထမဆုရ ထိုင်းဘောလုံးအသင်းအား AFF U- ၁၉ Championship ၂၀၁၁ ကျင်းပရေးအဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ AFF U- ၁၉ Championship ၂၀၁၁ ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ထိုင်းဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၂၂

ဦးကျော်ညွန့်သည် ကစားဖော်များဖြစ်ကြသော ဦးသောင်းတင်၊ ဦးမြမောင်၊ ဦးညွန့်တင်တို့နှင့်အတူ စက်တင်ဘာ ၂၀ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist No(2) ဘောလုံးကို Callaway Big Bertha တုတ်ဖြင့်ရိုက်လိုက်ရာ ၁၇၃ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(မြန်မာ့အလင်း)

အားကစားနည်းအလိုက် ဒိုင်များ လိုအပ်ချက် တွေ့ဆုံညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းအလိုက် ဒိုင်များလိုအပ်ချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး၊ နိုင်ငံတကာဒိုင်ဆပ်ကော်မတီ ဒေါက်တာမြတ်သူရစိုးနှင့် အားကစားနှင့် ကာယပညာ ဦးစီးဌာန ဆေးဘက်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြလေးစိန်တို့က အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့်စပ်လျဉ်း၍ မိမိတို့၏ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုနှင့် လုပ်ဆောင်ရမည်များကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြင်းစီးအားကစားအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၂

အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ၂၀၁၁ ခုနှစ် စက်တင်ဘာ စတုတ္ထပတ်တွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ယှဉ်ပြိုင်မည့် မြင်းနှင့် အားကစားသမားရွေးချယ်ပြိုင်ပွဲနှင့် အရှေ့တောင်အာရှ မြင်းစီးအားကစားအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အမှုဆောင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုး (ဝဲပုံ) တို့ပါဝင်သော မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၁ ရက်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို နိုင်ငံတကာအဆင့်မီ ခေတ်မီဆေးရုံကြီးအဖြစ်

ကုသမှုအရည်အသွေးတိုးတက်ရေး အစဉ်တစိုက်ဆောင်ရွက်လျက်ရှိ

● *ကျော်ဖုံးမှ*

ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြုပြင်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း" မေးမြန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးအောင်သော်က **ပေါက်အင်းတာတမံနှင့် ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းကို ၁၉၉၄ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၅ခုနှစ်တွင် ပြီးစီးခဲ့ပါကြောင်း၊ အင်း၏ အကျယ်အဝန်းမှာ (၃၉၆ ဒသမ ၁၈) ဧကဖြစ်ပြီး မကွေးတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၃-၆-၁၉၉၆ ရက်စွဲပါစာဖြင့် နယ်မြေခံတပ်ရင်း တပ်ပိုင်မြေအဖြစ် သတ်မှတ်ပေးခဲ့သည်ဟု သိရှိရပါကြောင်း၊ ယင်းကဲ့သို့ သတ်မှတ်ပေးရခြင်းမှာလည်း အဆိုပါ တပ်ရင်းနယ်မြေနှင့် ဆက်စပ်လျက်ရှိ၍ အင်းတွင် ရေမခန်းခြောက်စေရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအလို့ငှာ ရေအဆက်မပြတ်ရရှိစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် တပ်မြေ အဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်ဖြစ်ပါကြောင်း၊ ရေဝတီမြစ်ရေကြီးချိန်တွင် အင်းအတွင်းသို့ ရေတံခါး(၃)ပေါက်ဖြင့်ရေသွင်းယူ၍ ရေကျချိန်တွင် ရေတံခါး(၁)ပေါက်မှ ရေထုတ်ပါကြောင်း၊ ရေထုတ်ပြီးချိန်တွင် အင်းအတွင်း မိုးစပါး(၂၅၉)ဧကနှင့် နွေစပါး (၂၄၈)ဧကကို စိုက်ပျိုးပါကြောင်း၊ အင်းအတွင်း ရေအပြည့်သွင်းထားပါက မိုးစပါး၊ နွေစပါးများ စိုက်ပျိုးနိုင်ခြင်းမရှိတော့သဖြင့် စပါးစိုက်ပျိုးနိုင်ရေး ရေအသွင်း၊ အထုတ်ကို ထိန်းညှိ၍လုပ်ဆောင်ရပါကြောင်း။**

<u>ဖြေကြား</u>

လက်ရှိပေါက်အင်း၏ ရေအနက်မှာ(၅)ပေဖြစ်ပြီး ရေ(၉)ပေနှင့်အထက် သွင်းပါက စပါးစိုက်ဧကများဆုံးရှုံးပြီး စီမံကိန်းဝင်သီးနှံစိုက်ဧကများကို ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေအသုံးပြုရေးအတွက်လည်းကောင်း၊ ဒေသ

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် မေးမြန်းစဉ်။ (သတင်းစဉ်)

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအတွင်းရေးမှူး ဦးဝင်းနောင် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

စိမ်းလန်းစိုပြည်ရေးနှင့် မီးဘေးကာကွယ်ရေးအတွက်လည်းကောင်း၊ ပခုက္ကူမြို့ သောက်သုံးရေပေးဝေရေး အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း အင်းအတွင်းလုံလောက်သောရေပမာဏကိုသိုလှောင်ထားရှိသဖြင့် ပေါက်အင်းအားပြန်လည်ပြုပြင်ရန်နှင့် ယခုထက်ပိုမို၍ မြစ်ရေဖြည့်တင်းရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က လမ်း၊ တံတားဆိုင်ရာနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း၏ **"ဘူးသီးတောင်နှင့် ရသေ့တောင်မြို့သို့ ကားလမ်းဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့မှ ကျောက်တော်မြို့သို့လည်းကောင်း၊ ဘူးသီးတောင်မှ ရသေ့တောင်မြို့သို့လည်းကောင်း ကားလမ်းဖောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ယခင်ကတည်းက စီစဉ်ထားခြင်း၊ တိုင်းတာထားခြင်းတို့ မရှိခဲ့ပါကြောင်း၊ ယခုလည်း အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

<u>တာဝန်ယူဆောင်ရွက်</u>

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော်၏ **"ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် တောင်ပေါ်နေ လက်ဖက်ခြံစိုက်ပျိုးလုပ်ကိုင်စားသောက်သည့် ခြံရှင်တောင်သူဦးကြီးများ ပြည်ထောင်စုအစိုးရ ဦးစီးသော ကျေးလက်ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအစီအစဉ်တွင် ပါဝင်ခြင်း ရှိ/မရှိ၊ လက်ဖက်ခြံရှင်များကို စိုက်ပျိုးထုတ်လုပ်စရိတ်အဖြစ် သက်သာသင့်လျော်သော နည်းစနစ်ဖြင့် ငွေထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျေးလက်နေပြည်သူများအတွက် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အစီအစဉ်များကို ဆောင်ရွက်ပေးနိုင်ရန် ချမှတ်ထားသည့်လုပ်ငန်းစဉ်(၈)ရပ်တွင် "လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး"ဟူသည့် လုပ်ငန်းစဉ်တစ်ရပ် ပါဝင်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

<u>ပညာပေးဆောင်ရွက်</u>

၂၀၁၁ ခုနှစ် မတ်လအထိ ပလောင်ဒေသ နမ့်ဆန်မြို့နယ်တွင် လက်ဖက် (၄၉၃၃၆)ဧက၊ မန်တုံမြို့နယ်တွင် (၆၈၁၃)ဧက စိုက်ပျိုးထားပြီး လက်ဖက်စိုက်ပျိုးမှုစနစ်များမှာ ဒေသဓလေ့များအရ စိုက်ပျိုးခဲ့မှုများဖြစ်၍ တစ်ဧက

ပြန်လည်ဖြေကြား

ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန် ကြီး ဒေါက် တာ ဖေ သက် ခင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဝင်ဆံ့အပင်ရေနည်းပါးခြင်း၊ မြေသြဇာထည့်သွင်းအသုံးပြုသည့် အလေ့အထနည်းပါးခြင်း၊ စိုက်ပျိုးရေအနေဖြင့် မိုးရေကိုသာရရှိခြင်း စသည့်အခြေအနေများကြောင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ လက်ဖက်အထွက်နှုန်းတိုးတက်ရေးနည်းလမ်းများကို လက်တွေ့ပေါင်းစပ်မှုများဖြင့် ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း။

<u>ထည့်သွင်းဆောင်ရွက်</u>

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် တောင်ပေါ်နေလက်ဖက်စိုက်တောင်သူများ၊ ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ပါးရေးအတွက် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကို အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်ဖက်သည် နှစ်ရှည်ပင်ဖြစ်သည့်အားလျော်စွာ တစ်ကြိမ်စိုက်ပျိုးရုံဖြင့် ရေရှည်ဝင်ငွေရ အကျိုးရှိနိုင်ခြင်း၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး ဝင်ငွေရရှိနိုင်ခြင်း စသည့်အားသာချက်များရှိသည့်အတွက် လက်ဖက်သီးနှံစိုက်ပျိုးထုတ်လုပ်ရေးအပြင် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်ရေးတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လက်ဖက်သီးနှံနှင့် ပတ်သက်သည့် စိုက်ပျိုးစရိတ်ချေးငွေကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ စတင်ထုတ်ချေးပေးခဲ့ပါကြောင်း၊ စိုက်ခင်းသစ်စိုက်ပျိုးခြင်းအတွက် ထုတ်ချေးငွေကျပ် (၂၅၀၀၀)နှုန်းဖြင့် (၃)နှစ်ခွဲ၍ထုတ်ချေးပေးခဲ့ပြီး စတုတ္ထနှစ်မှ ဆဋ္ဌမနှစ်အတွင်း အကျေပြန်လည်ပေးဆပ်ရပါကြောင်း၊ လက်ဖက်ထုတ်လုပ်မှု စရိတ်ချေးငွေများကိုမူ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်မှစတင်၍ တစ်ဧကကျပ် (၁၀၀၀၀)နှုန်းဖြင့် ထုတ်ချေးပေးခဲ့ပါကြောင်း၊ နှစ်စဉ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အတွင်း အပြီးထုတ်ချေးပြီး သက်ဆိုင်ရာဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် ပြန်လည်ပေးဆပ်ရပါကြောင်း။

<u>ဆက်သွယ်ဖောက်လုပ်ထား</u>

"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးကဏ္ဍ" အနေဖြင့် ထွက်ရှိလာသည့်သီးနှံများကို ဈေးကွက်သို့အမြန်ဆုံးရောက်ရှိနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် နမ့်ဆန်နှင့် မန်တုံမြို့နယ်(၂)မြို့နယ် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် နမ္မတူ-ဘော်တွင်း-မန်တုံလမ်း (၃၇)မိုင်၊ မန်တုံ-နမ့်ဆန်လမ်း (၃၇)မိုင်၊ မန်တုံ-မိုးမိတ်လမ်း (၅၈)မိုင်၊ မန်တုံ-ရေပုံး-လွယ်ယား-မိုးလိုလမ်း (၂၃)မိုင်၊ မန်တုံ-မုံးဝီးလမ်း (၅၆)မိုင် (၆) ဖာလုံ၊ သီပေါ-ပန်လုံ-နမ့်ဆန်လမ်း (၄၈)မိုင်(၄)ဖာလုံနှင့် ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်း (၇၆)မိုင် (၃)ဖာလုံဟူသည့် လမ်း(၇)လမ်းကို ဆက်သွယ်ဖောက်လုပ်ထားပါကြောင်း။

၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ယင်းဒေသရှိလမ်းများအတွက် ငွေလုံးငွေရင်းနှင့်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများဖြင့် ကတ္တရာလမ်းခင်းခြင်း၊ လမ်းအကျယ်ချဲ့ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်း၊ တံတားများပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနမှ ဆောက်လုပ်ရေးအဖွဲ့များနှင့် တိုင်းရင်းသားပုဂ္ဂလိက ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်၏ **"ပန်ခမ်းတံတားသည် မူဆယ်၊ နမ့်ခမ်းနှစ်မြို့ကို ဆက်သွယ်ပေးသော တံတားတစ်စင်းဖြစ်ပါကြောင်း၊ တစ်လမ်းမောင်း ဖြတ်သန်းသွားလာရသော တံတားဖြစ်ပြီး ၁၉၄၅ ခုနှစ်ကတည်းက စတင်တည်ဆောက်ခဲ့သော တံတားဖြစ်ပါကြောင်း၊ ယင်းတံတားကို အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်တံတားအမျိုးအစားနှင့် မည်သည့်အချိန်အခါတွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့် **"မူဆယ်မြို့နယ်၊ မန့်ဟီးရိုးမြို့နယ်ခွဲသည် မူဆယ်မြို့မှ (၅)မိုင်ခန့်ကွာဝေးသော ကောင်းနားကျေးရွာနှင့် နီးစပ်သော်လည်း ရွှေလီမြစ်ကပိုင်းခြားထားသဖြင့် သီးခြားမြို့နယ်ခွဲအဖြစ် တွေ့မြင်ရပါကြောင်း၊ အဆိုပါ ကောင်းနားကျေးရွာမှ မန့်ဟီးရိုးမြို့နယ်ခွဲသို့ ရွှေလီမြစ်ကူးတံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နှင့် နမ့်ခမ်းမြို့ကို ဆက်သွယ်သော မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်း-ဗန်းမော်လမ်းရှိ ပန်ခမ်းတံတားသည် အရှည်ပေ (၂၂၀)၊ အကျယ်(၁၂)ပေရှိ တစ်လမ်းမောင်း ဘေလီတံတားအမျိုးအစား ဖြစ်ပါကြောင်း။

<u>ဆက်လက်ဆောင်ရွက်မည်</u>

တံတား၏သက်တမ်းကြာမြင့်ပြီဖြစ်၍ ကြံ့ခိုင်မှုအားနည်းခြင်း၊ တစ်လမ်းမောင်းတံတားဖြစ်၍ ယာဉ်များစောင့်ဆိုင်းသွားလာရခြင်း၊ မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်း-ဗန်းမော် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိခြင်းတို့ကြောင့် သံကူကွန်ကရစ်တံတားအသစ်ဆောက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီစဉ်ခဲ့ပါကြောင်း၊ တံတားသည် အေးရှားဝေါ(လ်)ကုမ္ပဏီမှ ဘီအိုတီယူထားသောလမ်းပိုင်းတွင်ရှိသည့်အတွက် ယင်းကုမ္ပဏီက သံကူကွန်ကရစ်တံတားအဖြစ် တာဝန်ယူတည်ဆောက်မည်ဖြစ်ပါကြောင်း၊ မြေစမ်းသပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးဖြစ်၍ ပုံစံထုတ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးပါက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

<u>ဖြတ်ကူးသွားလာ</u>

ရှမ်းပြည်နယ်၊ မူဆယ်ခရိုင် မူဆယ်မြို့မှ မန့်ဟီးရိုးမြို့သို့ ဆက်သွယ်သွားလာရာတွင် မူဆယ်မြို့မှ (၅)မိုင်ခန့်အကွာ မူဆယ်-နမ့်ခမ်းလမ်းပေါ်ရှိ ကောင်းနားကျေးရွာမှ ရွှေလီမြစ်ကိုဖြတ်ကူး၍ သွားလာရပါကြောင်း၊ ရွှေလီမြစ်တစ်ဖက်ကမ်းမှ မန့်ဟီးရိုးမြို့သို့ လမ်းအရှည် (၂)မိုင်ရှိပြီး ကတ္တရာလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ ရွှေလီမြစ်သည် အကျယ်ပေ(၁၀၀၀)နှင့် မိုးရာသီတွင် ရေအနက်(၁၅)ပေခန့်ရှိပါကြောင်း၊ ယာဉ်သွားလာမှုနည်းပါးပြီး ထော်လာဂျီ၊ မော်တော်ဆိုင်ကယ် စသောယာဉ်ငယ်များသာ စက်တပ်ကူးတို့ဖြင့် ဖြတ်ကူးသွားလာလျက်ရှိပါကြောင်း။

မူဆယ်ခရိုင်အတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်လာစေရေးအတွက် မူဆယ်-နမ့်ခမ်းလမ်းပေါ်ရှိ အရှည်ပေ(၆၀၀)ရှိ ရွှေလီတံတား(နမ့်ခမ်း)ကို ၂၀၀၉ ခုနှစ် ဧပြီ၂၇ ရက်နေ့တွင် အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ရာ ယာဉ်သွားလာမှုနည်းပါးသည့်လမ်းတွင် အရှည်ပေ(၁၀၀၀)ကျော် တံတားကြီးတစ်စင်း တည်ဆောက်ရမည်ဖြစ်ခြင်းကြောင့် မူဆယ်မြို့မှ မန့်ဟီးရိုးမြို့သို့ဆက်သွယ်သော ရွှေလီမြစ်ကူးတံတားကို လောလောဆယ်တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က ကျန်းမာရေးဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

<u>ကျန်းမာရေးစောင့်ရှောက်မှုပေး</u>

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၏ **"ပလက်ဝမြို့နယ်သည် ချင်းပြည်နယ်၏ တောင်ဘက်အစွန်ဆုံးမြို့ဖြစ်ပြီး တစ်မြို့နယ်လုံးရှိပြည်သူများမှာ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကိုသာ အားထားဆဲဖြစ်ပါကြောင်း၊ ပလက်ဝမြို့၏(၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့ ဆေးရုံအဆင့်ထိ မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ **ပလက်ဝမြို့နယ်သည် အိမ်ခြေ (၈၀၀)ကျော်ရှိပြီး (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ (၁)ရုံ၊ (၁၆)ခုတင်ဆံ့ ဆမီးတိုက်နယ်ဆေးရုံ (၁)ရုံရှိပါကြောင်း၊ မြို့နယ်ဆေးရုံတွင် ဆရာဝန်(၂)ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်(၁)ဦးနှင့် သူနာပြု (၆)ဦးအပါအဝင် ဝန်ထမ်း(၃၀)ဦး၊ ဆမီးတိုက်နယ်ဆေးရုံတွင် ဆရာဝန်(၁)ဦးနှင့် အထက်တန်းသူနာပြု(၁)ဦးအပါအဝင် ဝန်ထမ်း(၆)ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း။**

ပလက်ဝမြို့နယ်ဆေးရုံကို ဆရာဝန်(၅)ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် (၁)ဦးနှင့် သူနာပြု(၁၆)ဦး အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား (၅၅)ဦး ပါဝင်သော (၂၅)ခုတင်ဆံ့ စံကိုက်ဖွဲ့စည်းပုံဆေးရုံအဖြစ်သို့ အဆိုပြုတင်ပြရန်နှင့် (၁၆)ခုတင်ဆံ့ ဆမီးတိုက်နယ်ဆေးရုံကိုလည်း ဆရာဝန်(၂)ဦးနှင့်သူနာပြု (၆)ဦး အပါအဝင် စုစုပေါင်းဝန်ထမ်းအင်အား (၁၇)ဦးပါဝင်သော (၁၆)ခုတင်ဆံ့ စံကိုက်ဖွဲ့စည်းပုံအဖြစ် တိုးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ **"ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ပြည်သူတို့အား ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိသည့် ပြည်သူ့ဆေးရုံအားလုံးတို့၏ ပင်မမိခင်ဆေးရုံကြီးဖြစ်ပါကြောင်း၊ အဆိုပါဆေးရုံကြီးအား နိုင်ငံတကာအဆင့်မီဆေးရုံကြီးအဖြစ် အမြန်ပြုပြင်ပြောင်းလဲဖြည့်ဆည်းဖော်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းလုပ်ဆောင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်းနှင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားဆရာဝန်ကြီးများ၊ ဆေးပညာရှင်များနှင့် သမားတော်ကြီးများအား ပြန်လည်ဖိတ်ခေါ်ရန် ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ **ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် မြန်မာနိုင်ငံတွင် ရပ်ဝေးရပ်နီးမှလူနာများ အားကိုးအားထားပြုရာဆေးရုံကြီးအဖြစ် ရပ်တည်ခဲ့သည်မှာ နှစ်ပေါင်း(၁၀၀)ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ဆေးရုံခွင့်ပြုခုတင် (၁၅၀၀)ရှိပြီး လက်ရှိအသုံးပြု ခုတင် (၁၃၅၀) ရှိပါကြောင်း၊ ဆေးရုံကြီးတွင် အထူးပြုဘာသာရပ်ဆိုင်ရာ ဌာနပေါင်း (၂၅)ခု၊ အရေးပေါ်လူနာလက်ခံ ကုသပေးသည့်ဌာနပေါင်း(၇)ခုအတွက် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် ကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြည်သူလူထု အလွှာပေါင်းစုံအား သက်ဆိုင်ရာဘာသာရပ်အလိုက် ဆရာဝန်ကြီးများရေးဆွဲထားသော စံကိုက်ဆေးကုသမှုလမ်းညွှန်များနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆေးရုံကြီးအား နိုင်ငံတကာအဆင့်မီ ခေတ်မီဆေးရုံကြီးအဖြစ် ကုသမှုအရည်အသွေးတိုးတက်ရေး အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းကိရိယာများကို ဖြည့်ဆည်းဆောင်ရွက်ရန်လည်း အစဉ်ကြိုးပမ်းလျက်ရှိပါကြောင်း၊ ရောဂါရှာဖွေရေးလုပ်ငန်းများ၏ စရိတ်မျှပေးဝင်ငွေမှ အချိုးကျရရှိသည့်ငွေဖြင့် လိုအပ်သည့်စက်ပစ္စည်းကိရိယာများ ရေရှည်တည်တံ့အသုံးပြုနိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုလက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရနှင့်စေတနာရှင်ပြည်သူများ ပူးပေါင်းကာ ဆေးရုံကြီးအတွက် လိုအပ်သောစက်ပစ္စည်းကိရိယာများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်ကြီးများပါ ထပ်မံ၍ပူးပေါင်းဆောင်ရွက်ပါက အချိန်ကာလတိုတိုဖြင့် ပစ္စည်းကိရိယာစုံလင်သော နိုင်ငံတကာအဆင့်မီဆေးရုံကြီးအဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသော ဆရာဝန်များမှာ ၄င်းတို့၏ သဘောဆန္ဒအရ ပြည်ပသို့သွားရောက် နေထိုင်လုပ်ကိုင်ခြင်း၊ ပြည်ပမှ ပြန်လာခြင်းတို့ရှိပါကြောင်း၊ မိမိတို့၏ ဆရာဝန်မိသားစုများဖြစ်၍ မိမိနိုင်ငံသို့ ပြန်လာရန် အမြဲဖိတ်ခေါ်လျက်ရှိပြီး အမြဲလက်ကမ်းကြိုဆိုနေပါကြောင်းဖြင့်** ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က ပြည်ထဲရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ကြပ်မတ်ဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **"ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း(၄၅)မြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခွင့်ပြုချက်လိုင်စင်ချပေးထားသည့် အရက်ဆိုင်ပေါင်း(၉၀၀၀) ခန့်ရှိပါကြောင်း၊ ဘာသာရေးနှင့်မကိုက်ညီသော၊ လူငယ်လူရွယ်များကို လမ်းမှားသို့ ပို့စေသော၊ လူမှုဒုက္ခများကို ရှေးရှုသော အဆိုပါအရက်ရောင်းချခွင့်များကို ကျယ်ကျယ်ပြန့်ပြန့်ခွင့်ပြုပေးနေမှုအား မည်ကဲ့သို့လျှော့ချသွားမည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ယစ်မျိုးလိုင်စင်ခွန်များကို တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြီးကြပ်ရေးအဖွဲ့ (Task Force)ဖွဲ့စည်းပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တရားမဝင် ယစ်မျိုးလုပ်ငန်းများအတွက် မြို့နယ်သတင်းစုံစမ်းဖော်ထုတ်ရေးအဖွဲ့ငယ်နှင့် တားဆီးနှိမ်နင်းရေးအဖွဲ့တို့ဖြင့်ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးက ၂၀၀၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် စာဖြင့် ထုတ်ပြန်ညွှန်ကြားခဲ့ပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယစ်မျိုးစီမံခန့်ခွဲမှု၊ အခွန်စည်းကြပ်မှုနှင့် ကောက်ခံမှုများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပြီး တရားမဝင်အရက်သေစာများချက်လုပ်မှု၊ သယ်ယူမှု၊ လက်ဝယ်ထားရှိမှု၊ ရောင်းချမှုများကို စုံစမ်းထောက်လှမ်းခြင်း၊ အရေးယူခြင်းနှင့်တရားစွဲခြင်းတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်နေသည့်အပြင် တရားရုံးများကလည်း ပြစ်ဒဏ်ချမှတ်ခြင်း၊ အာမခံနှင့်ခံဝန်ချုပ်ဆိုခြင်းများကို ယစ်မျိုးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံယစ်မျိုးဥပဒေပုဒ်မ ၉၊ ၁၀၊ ၁၁၊ ၁၂နှင့် နည်းဥပဒေ ၄(၁) တို့အရ အရက်ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများအတွက် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်ယစ်မျိုး အကြံပေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရပါကြောင်း၊ ယစ်မျိုးအစီအစဉ်ကို ခွင့်ပြုရာ၌ ပြက္ခဒိန်နှစ်အလိုက် ယစ်မျိုးလိုင်စင်များကို တိုင်းဒေသကြီး/ ပြည်နယ်များက နှစ်စဉ်ဩဂုတ်လတွင် မြို့နယ်အလိုက် ယစ်မျိုးလိုင်စင် အမျိုးအစားများဖော်ပြသည့် ယစ်မျိုးအစီအစဉ်၊ မြို့နယ်/ခရိုင် ယစ်မျိုးအကြံပေး အဖွဲ့၏ အစည်းအဝေးမှတ်တမ်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောတူ အတည်ပြုချက် စသည့်အချက်အလက်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)သို့ ပူးတွဲတင်ပြရပါကြောင်း။

ထိုသို့ တိုင်းဒေသကြီး/ပြည်နယ်များ၏ တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက ခွင့်ပြုသင့်သည့်အရေအတွက်နှင့် ခွင့်ပြုရန် မသင့်သည်များကိုစိစစ်ပြီး အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူပြီးမှ တစ်နိုင်ငံလုံး အတွက် လိုင်စင်ခွင့်ပြုခြင်းဖြစ်ရာ ၂၀၁၁ ခုနှစ်အတွက် ယစ်မျိုးလိုင်စင် (၂၈)မျိုး၊ လိုင်စင်အရေအတွက် (၄၁၃၀၃)ခု ခွင့်ပြုပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မြို့နယ်များအတွက် ယစ်မျိုးလိုင်စင်အရေအတွက် (၈၉၆၉)ခု ပါဝင်ပါကြောင်း၊ ယင်းတို့အနက်အရက်ချက်စက်ရုံ (D-1)လိုင်စင်များ၊ အရောင်ဆိုးပုလင်းသွတ် (D-1A) လိုင်စင်များ၊ ဟိုတယ်၊ မိုတယ်များတွင်ခွင့်ပြုထားသည့်(FL-10)၊ (FL-17)လိုင်စင်များ၊ ကုန်စုံဆိုင်နှင့်စတိုးဆိုင်များတွင် ပုလင်းလိုက် လက်ကားရောင်းချခွင့်လိုင်စင်(FL-12) များ အပါအဝင်ဖြစ်ပြီး စားသောက်ဆိုင် ဥပစာအတွင်းတွင် သောက်သုံးရန် လက်လီရောင်းချခွင့်ပြုထားသည့် CS-2A လိုင်စင်(၅၉၀၄)ခုကိုသာ ခွင့်ပြုခဲ့သဖြင့် မေးခွန်းပါအတိုင်း အရက်ဆိုင်ပေါင်း(၉၀၀၀)မရှိပါကြောင်း၊ ဆိုင်များကိုလည်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ခွင့်ပြုထားသည့်လိုင်စင်စည်းကမ်းနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျက် ရှိပါကြောင်း။

ယစ်မျိုးအခွန်တိုးမြှင့်ကောက်ခံရေး၊ စိစစ်ကြီးကြပ်ရေးအဖွဲ့များနှင့် တရားမဝင် ယစ်မျိုးလုပ်ငန်းများ တားဆီးနှိမ်နင်းခြင်း၊ ပိတ်သိမ်းခြင်း၊ ဖမ်းဆီးအရေးယူခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ၂၀၀၉ ခုနှစ်အတွင်း ဖမ်းဆီးအရေးယူမှု(၉၉၂၆)ကြိမ်၊ ၂၀၁၀ ခုနှစ်အတွင်း ဖမ်းဆီးအရေးယူမှု (၅၃၅၃)ကြိမ်နှင့် ၂၀၁၁ ခုနှစ် ဩဂုတ်လ၂၅ ရက်နေ့အထိ (၂၆၃၃)ကြိမ် ရှိခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၁ ခုနှစ် ဩဂုတ်လအထိ ဖမ်းဆီးအရေးယူမှု(၁၅၉၈) ကြိမ်ရှိခဲ့ပြီး တရားမဝင် ဖွင့်လှစ်သည့်ဆိုင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်းကို တရားမဝင် တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ပြည်တွင်း/ပြည်ပ စီးကရက်၊ အရက်၊ ဘီယာ၊ ဝိုင်နှင့်သောက်ရေသန့်များကိုလည်း စစ်ဆေးဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ လေလံတင်ရောင်းချခြင်းများကို စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၏ **"သတ်မှတ်အရည်အချင်းပြည့်ဝသော ရပ်ကွက်/ကျေးရွာအုပ်စုမှ လူပုဂ္ဂိုလ်များအား ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအဖြစ် ပါဝင်ယှဉ်ပြိုင်အရွေးချယ်ခံပိုင်ခွင့်ပေးရန် သင့်/မသင့်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုနေ အသက် (၁၈)နှစ်ပြည့်ပြီး မဲဆန္ဒပေးခွင့်ရှိသူတိုင်း လျှို့ဝှက်မဲစနစ်ဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ရွေးချယ်သင့်/မသင့် သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ **ပြည်ထဲရေးဝန်ကြီးဌာနက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းကို ၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ပြည်သူ့လွှတ်တော်သို့ တင်သွင်းထားပြီးဖြစ်ပါကြောင်း။**

ခန့်အပ်တာဝန်ပေး

တင်သွင်းထားရှိသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်အသီးသီးသို့ စိစစ်လေ့လာနိုင်ရန် ဖြန့်ဝေထားရှိပြီးဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်အဆင့်ဆင့်တို့၌ စိစစ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဆွေးနွေးခြင်း၊ သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ကြပြီးနောက် အတည်ပြုပြီးပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်းသည် ဥပဒေတစ်ရပ် ဖြစ်လာမည်ဖြစ်ပြီး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆွေးနွေး

စက်တင်ဘာ ၁၉ ရက်နေ့က တင်သွင်းထားသည့် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးပေါ်လျှံလွင်၊ ဦးလှဆွေနှင့် ဦးဂမ်ဆိုင်းတို့က ဆွေးနွေးကြသည်။

ထို့နောက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းနောင်က ယင်းအစီရင်ခံစာအား လွှတ်တော်က သဘောတူလက်ခံရန်အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၃)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင်ရပ်နားလိုက်ပြီး အစည်းအဝေး(၂၄)ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၃ ရက် သောကြာနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း(၉)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခုကိုဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ၌ မိုးဆက်လက်ပိုနေမည်

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပေါင်မြို့တွင် ၅ ဒသမ ၈၈ လက်မ၊ တောင်ကုတ်မြို့တွင် ၄ ဒသမ ၀၂ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ သိမ်ဖြူရပ်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၈၄ လက်မနှင့် ညောင်လေးပင်မြို့တွင် ၂ ဒသမ ၆၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

Seminar On Overviews of Special Economic Zone Development အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

ထိုင်းနိုင်ငံအခြေစိုက် Amata Corporation PCL ၏ Seminar On Overviews of Special Economic Zone Development အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ် Lake View Hall ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Amata Corporation PCL မှ CEO, Mr. Vikrom Kromadit, Japan External Trade Organization (JETRO) ဥက္ကဋ္ဌ Mr. Setsuo Iuchi ၊ ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ Deputy Secretary General, Mrs. Hirunya Suchinai နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားပြီး Amata Corporation PCL မှ CEO,Mr. Vikrom Kromadit က "Industrial Estate and National Development after AEC 2015" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

အမှတ်တရဓာတ်ပုံရိုက်

ထို့နောက် ဒုတိယဝန်ကြီးများနှင့် တက်ရောက် လာကြသူများသည် စုပေါင်း၍ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ Deputy Secretary General , Mrs. Hirunya Suchinai က "How BOI Support industralization Successfully in Thailand" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Siam Premier International Law Office Limited မှ Partner, Mr. Nithi Soomswasdi က " International Standard Requirement for Project Investment" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Amata Corporation PCL မှ Chief Business Officer, Mrs. Somhatc Panichewa က "Successs Stories of Amata Industrial Perfect Cities" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ JETRO (Thailand) President Mr. Setsuo Iuchi က "Greater Mekong Sub- Region Development From the Japanese Perspective" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးပြောကြားကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအေးကို၊ Amata Corporation PCL မှ CEO, Mr. Vikrom Kromadit နှင့် ညှိသည်တစ်ဦးတို့က ဆွေးနွေးပွဲအပေါ် သုံးသပ်ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် Amata Corporation PCL ၏ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများ၌ စက်ရုံပေါင်း ၈၀၀ ကျော်ပါဝင်သည့် စက်မှုဇုန်များ တည်ထောင်ဖော်ထုတ်ပေးခဲ့မှုနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းပြောကြားခြင်းနှင့် မြန်မာနိုင်ငံ၏ အနာဂတ်စက်မှုဇုန်များနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော် ထိုင်းနိုင်ငံအခြေစိုက် Amata Corporation PCL ၏ Seminar On Overviews of Special Economic Zone Development အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၉-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ပဋိစ္စသမုပ္ပါဒ်လုံးကောက် အဓိပ္ပာယ်** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
- ၆:၄၀ မြစ်သားမြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၅)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၇)
- ၈:၅၀ Activities in the City (မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ် အမျိုးသမီးယောဂီများ၏ သိက္ခာထပ်အလှူတော်မင်္ဂလာ)
- ၉:၀၅ စီးပွားရေးလုပ်ငန်းရှင်များ အတွက် Business Initiative Dialogue
- ၉:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Enviromental and Economic Research Institute ဖွင့်ပွဲ အခမ်းအနား)
- ၉:၅၀ Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း) (ဒေစီကျော်ဝင်း) (အပိုင်း-၈)
- ၁၀:၁၅ ဘယ်သူ့ကိုအချစ်ဆုံးလဲ
- ၁၀:၃၀ Fashion Week (ဒီဇိုင်နာဥမ္မာကျော်) (အပိုင်း-၂)
- ၁၀:၄၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **အမုန်း၌စတင်ခဲ့သောအချစ်**
- ၁၁:၁၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်မင်းဦးနှင့်တွေ့ဆုံခြင်း)
- ၁၁:၅၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၅ **မင်္ဂလာပါမိသားစု** ၏ မင်္ဂလာရှိတဲ့သက်ကြီးပူဇော်ပွဲ
- ၁၂:၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၂:၄၀ Quinolone ၏ တတိယမျိုးဆက် Cravit Clevofloxacin အကြောင်းဆွေးနွေးဟောပြောပွဲ
- ၁:၀၀ **ပဋိစ္စသမုပ္ပါဒ်လုံးကောက် အဓိပ္ပာယ်** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၅)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၇)
- ၅:၀၀ ကြည်နူးပျော်ရွှင်ခရီးစဉ် HIGER BUS နှင့်ခရီးနှင်
- ၅:၂၀ Activities in the City (မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ ကုသိုလ်ဖြစ် ကွင်းဆင်းကုသခြင်း)
- ၅:၃၅ VJ Choice
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ Sewing Mill "Shinsung" (ရွှေပေါက်ကံစက်မှုဇုန်)
- ၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၆)
- ၇:၃၀ The Champion of Dance
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ ဂီတသရုပ်ပြခန်း (ဆောင်းဦးလှိုင်)
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၈)
- ၁၀:၂၀ Intellectual Talk (Urbanization in Myanmar) (Part-2)
- ၁၀:၅၀ အရိုးအကြောအဆစ်များပြန်လည် သန်စွမ်းစေမည်နှင်းဆီ
- ၁၁:၁၀ World of Knowledge (Doomsday Valcano)
- ၁၂:၀၀ ရသစုံစွာတေးအလင်္ကာ
- ၁၂:၁၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာသူရိန်မောင်မောင်)
- ၁၂:၄၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့်ကိတ်လိပ် ပြုလုပ်နည်း)
- ၁၂:၅၀ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)
- ၁:၁၀ သင်ယူလေ့လာ အင်္ဂလိပ်စာ Nexus Language Centre မှာ
- ၁:၂၅ အလှဆင်စရာပရိဘောဂကမ္ဘာ (Universal Light)
- ၁:၄၀ **ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး၊ [ဒါရိုက်တာ-ကြည်စိုးထွန်း]
- ၁:၄၅ Celebrity Profile (မြို့ရွှေမန်းသားဖိုးချစ်)
- ၂:၁၀ တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
- ၂:၂၅ စွဲမက်ဖွယ်ရာရတနာ ကြည်လင်အေးမြ မြကျောက်အလှ (အပိုင်း-၂)
- ၂:၅၀ ဖူးပွင့်ဝေဆာ ရွှေကျင်မြေမှ ဥယျာဉ်သာ
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ သုခရိပ်မြုံဂေဟာမှ ပွင့်လန်းနေသောပန်းကလေးများ
- ၄:၂၅ ယွန်းအနုပညာတစ်ခု၏ ဖြစ်တည်ရာ
- ၄:၄၅ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အကြိမ်(၄၀)မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့် ဆုအသီးသီးဆွတ်ခူးရရှိ

နေပြည်တော် စက်တင်ဘာ ၂၂

၂၀၁၁ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာ လူငယ်များပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU)တို့ ပူးတွဲကြီးမှူးသည့် အစီအစဉ်အဖြစ် အသက် (၁၅) နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပါဝင်ယှဉ်ပြိုင်စေလျက် ကျင်းပပေးခဲ့သည်။

ကျင်းပ

" Imagine you are a tree living in a forest. Write a letter to someone to explain why it is important to protect forests." ဟူသောခေါင်းစဉ်ဖြင့် ပြည်တွင်းအဆင့် အင်္ဂလိပ်ဘာသာဖြင့် ပေးစာရေးယှဉ်ပြိုင်ပွဲကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၉ ရက်က မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ကျင်းပပေးခဲ့သည်။

ပြည်တွင်းအဆင့် ပထမဆုကို အ-ထ-က(၁)မြောင်းမြ အဋ္ဌမတန်းမှ မခိုင်သဇင်ထွန်း၊ ဒုတိယဆုကို အထက ကံမ နဝမတန်းမှ မခင်ဝင့်သူနှင့် တတိယဆုကို အ-ထ-က ကျောက်တံတား ဆဋ္ဌမတန်းမှ မသဇင်ထွန်းတို့က ဆွတ်ခူးရရှိကြပြီး အထူးဆုသုံးဆုကို အ-ထ-က(၁) လှိုင်ကော် အဋ္ဌမတန်းမှ မဆုရည်ထက်၊အ-ထ-က (၆)မော်လမြိုင်အဋ္ဌမတန်းမှ မဟေသာနှင့်အ-ထ-က(၁၁)မန္တလေးနဝမတန်းမှ မောင်ကျော်ဇင်သန့်တို့က လည်းကောင်း၊ နှစ်သိမ့်ဆုသုံးဆုကို အ-ထ-က(၁)ထားဝယ် အဋ္ဌမတန်းမှ မယဉ်ငြိမ်းအိ၊ အ-ထ-က (၁)ကော့ကရိတ် နဝမတန်းမှ မစန္ဒာဝင်းနှင့် အ-ထ-က (၁)လက်ပံတန်း အဋ္ဌမတန်းမှ မယွန်းမျက်ချယ်တို့က လည်းကောင်း အသီးသီးဆွတ်ခူးရရှိကြသည်။

နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ပထမဆုရှင် မခိုင်သဇင်ထွန်း၏ ပေးစာရေးစာမူကို ဆွစ်ဇာလန်နိုင်ငံရှိ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ဌာနချုပ်သို့ ဆက်လက်ပေးပို့၍ နိုင်ငံတကာအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင်ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

အထူးကုဆရာဝန်ကြီးများအဖွဲ့ ပုလဲမြို့နယ်အတွင်း ကွင်းဆင်းကုသ

ပုလဲ စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းတို့သည် ဩဂုတ် ၂၈ ရက်က ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ကျင်းပသည့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ ကျေးလက်ဒေသနေ ပြည်သူများအား ကျန်းမာရေးကုသစောင့်ရှောက်မှုပေးခြင်းကို တက်ရောက်အားပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျန်းမာရေးကုသစောင့်ရှောက်မှုအဖွဲ့တွင် မုံရွာမြို့ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွန်း ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ အခြားဝန်ထမ်းများ လိုက်ပါကုသပေးကြပြီး ကျေးရွာ ၅၁ ရွာမှ လူနာ ၁၀၃၉ ဦး လာရောက်၍ ကုသမှုခံယူခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စပါးစိုက်ခင်းများအတွင်း မြေသြဇာကြဲပက်ပွဲ ပေါက်မြို့နယ်၌ကျင်းပ

ပေါက် စက်တင်ဘာ ၂၂

တစ်ဧကတင်း ၁၀၀နှင့်အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင် စိုက်ပျိုးထားသော ရတနာတိုးမျိုးစပါး စိုက်ခင်းများတွင် ပေါက်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် Oxfan GB တို့ ပူးပေါင်း၍ မြေသြဇာကြဲပက်ပွဲ အခမ်းအနားကို ပေါက်မြို့နယ် သမားတော်ကျေးရွာ အုပ်စု ကွင်းအမှတ် ၁၅၆၁၊ ၁၉၉၁ ရှိ လယ်မြေ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးလှမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်ဆွေ၊ Oxfan GB မြို့နယ်စီမံချက်တာဝန်ခံဦးဝင်းနိုင်ထွန်း၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ ကြည့်ရှုလေ့လာကြပြီး ခရိုင်စိုက်ပျိုးရေး မန်နေဂျာက တစ်ဧကတင်း ၁၀၀ကျော် ထွက်ရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နှစ်ရှည်ပင်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်လုပ်ငန်းဌာန၏ ၂၀၁၁ ခုနှစ် ခြောက်လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက် တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပခဲ့သည်။ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရွှေက နှစ်ရှည်ပင်လုပ်ငန်းအနေဖြင့် ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအထိ တိုးချဲ့စည်းရုံးဆောင်ရွက်ခဲ့သဖြင့် ပုဂ္ဂလိက ရော်ဘာစိုက်ဧက ၁ ဒသမ ၂၁ သန်း အထိရှိလာပြီး ၂၀၁၁ ခုနှစ်တွင် ရော်ဘာပေါင် ၂၈၂ ဒသမ ၀၁၈ သန်းထွက်ရှိခဲ့ကြောင်း၊ အထွက်ကောင်းမျိုးသန့်ရော်ဘာပျိုးပင် ၁ ဒသမ ၄၅ သိန်း၊ မျိုးသန့်ရော်ဘာစေ့ ၈၄ သိန်း၊ ဆီအုန်းပျိုးပင် ၁၆၉၂၀ ပင်နှင့် ဆီအုန်း အစို့ပေါက်မျိုးစေ့ ၉၁၄၅၀ ကို ဖြန့်ဖြူးပေးခဲ့ကြောင်း ဆွေးနွေးပြောကြားသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင် ပိုမိုရရှိစေကာ ဝင်ငွေတိုးတက်စေရေးအတွက် ဆီအုန်း၊ ရော်ဘာ၊ သီဟိုဠ်စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေး သင်တန်းများကို ဖွင့်လှစ်ပေးပြီး မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးရင်းနှီးသူများထံ ချိုသာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးရန် ဆွေးနွေးကြကြောင်း သိရှိရသည်။ **(စိုက်ပျိုးရေး)**

မိုးစပါးစံပြစိုက်ခင်း စုပေါင်းဓာတ်မြေသြဇာကြဲပက်ပွဲ သံတွဲမြို့နယ်၌ကျင်းပ

သံတွဲ စက်တင်ဘာ ၂၂

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ်သိပ္ပံနည်းကျတောင်သူပညာပေး မိုးစပါးစံပြစိုက်ခင်း စုပေါင်းဓာတ်မြေသြဇာကြဲပက်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက သံတွဲမြို့နယ် အံတော်ကျေးရွာ ကွင်းအမှတ် (၁၇၄) တောင်သူ ဦးစံအောင်ပါ ၁၀ ဦး၏ ပေါင်ပျိုးစနစ်ဖြင့် စိုက်ပျိုးထားသော လယ်မြေ ၂၀ ဒသမ ၅၃ ဧကတွင် ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသိုင်းစိန်က တစ်ဧက တင်း ၁၀၀ နှုန်းထွက်ရှိနိုင်ရေးအတွက် လိုက်နာလုပ်ဆောင်ရမည့် သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ယူရီးယား၊ ပုလဲဓာတ်မြေသြဇာနှင့်သဘာဝမြေသြဇာ ကြဲပက်ပွဲကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မိုးလုံလေလုံအားကစားခန်းမ၌ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အက်စ်ကီးမိုးကလပ်နှင့် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးကော်မတီတို့ ပူးပေါင်း၍ ၂၀၁၁ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပသည့် CCCT (Champion Challenge Cup Tournament) ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကချင်ပြည်နယ် မြစ်ကြီးနားကလပ်အသင်း မြန်မာ့ရိုးရာ လက်ဝှေ့လူရွေးပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက် ညနေ ၃နာရီတွင် ကချင်ပြည်နယ် ပြည်နယ် မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် မြန်မာနိုင်ငံ မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမားအကျော်အမော် နာမည်ကြီး ဖိုးကေ(မန္တလေး)၊ မြနန်းတော် (ဘီလပ်မြေစက်ရုံ)၊ ဘီလပ်မြေမောင်မောင်၊ မိုးဒေဝ (အမရပူရ)၊ ရွှေမိုးကောင်း (ဘီလပ်မြေစက်ရုံ)၊ တူးတူး (နဂါးမာန်)၊ မင်းမဟာ (ဘီလပ်မြေစက်ရုံ)၊ ရဲကျော်သူ (နဂါးမာန်)၊ အောင်ဘ(ကသာ)နှင့် မြစ်ကြီးနားမြို့မှ တက်သစ်စအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပူးတွဲသရေ

အဆိုပါပြိုင်ပွဲတွင် ဖိုးကေ(မန္တလေး)နှင့် မြနန်းတော် (ဘီလပ်မြေစက်ရုံ)တို့ ငါးချီ စိန်ခေါ်ပွဲ ထိုးသတ်ကြရာ အနိုင်/အရှုံးမပေါ်ဘဲ ပူးတွဲသရေဖြစ်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နို့စားနွားများအား ကျန်းမာရေးစစ်ဆေး

ကလော စက်တင်ဘာ ၂၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အထောက်အကူပြုသည့်အနေဖြင့် ရှမ်းပြည်နယ်အတွင်း နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်၊ ကလောမြို့နယ်ဦးစီးမှူး ဒေါက်တာအောင်စိုး၊ တောင်ကြီးမြို့နယ် ဦးစီးမှူး ဒေါက်တာသက်နိုင်မိုးနှင့် အောင်ပန်းတာဝန်ခံ ဒေါက်တာကျော်ငြိမ်းတို့အဖွဲ့သည် စက်တင်ဘာ ၁၉ ရက်က အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ကွက်၌ ဖရီရှန် နို့စားနွားမွေးမြူရေး ခြံရှိ နွားမများအား အခမဲ့ သားစပ်ပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ပြည်နယ် မွေး/ကု)**

နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း ၂၀၁၁ ခုနှစ် အောက်တိုဘာလ အမှတ်(၁၅၀) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအမှတ်(၁၅၀)ကို သရုပ်ဆောင် မိုးထက်မြင့်မိုရ်၏မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ်(၅၂၉၊ ၅၃၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်း ပညာရေးကောလိပ်နှင့် ရန်ကင်း ကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၃၇၂၀၁၉၁၁ နှင့် မန္တလေးမြို့ ထွန်းဦး စာပေ၊ နဂါးစာပေနှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပိတောက်နွယ်မဂ္ဂဇင်း ထွက်ရှိ

စက်တင်ဘာလထုတ် ပိတောက်နွယ်မဂ္ဂဇင်း ထွက်ရှိလာရာ အဆိုပါမဂ္ဂဇင်းတွင် ကဗျာမောင်ယဉ်မှူး၏ ရပ်တန့်ခြင်း၊ ညွန့်ဟံ (ကြူတော)၏ ကလီယိုပက်ထရာ၊ ရသစာတမ်းတွင် ရဲသျှမ်း၏မှတ်တိုင်ကလေးများ၊ ရုပ်ရှင်ဗီဒီယိုတွင် ဝင်းကိုမောင်၏ Into the Wild၊နိုင်ငံတကာအနုပညာတွင် လေးကိုတင်၏ အပိုင်းအစများနှင့် နာဘိုကော့ဗ် နောက်ဆုံးဝတ္ထု၊ အုပ်စိုးဝ၏ ရာသီဖွားများ၏ ဟောစာတမ်း၊ ဇာဦး၏ငါ့ကိုငါတောင် ငါလို့မခေါ်ချင်တော့ဘူး၊ ရင်သွေးကဗျာတွင် မြစ်ဝကျွန်းပေါ်လှမျိုး၏ မညှိုးပန်း၊ ဝတ္ထုရှည်တွင် နတ်မှူး၏ ကြည်နူးကြေကွဲ၊ ဘာသာပြန်ဝတ္ထုစသည်တို့ကို ဖော်ပြထားသည်။ အမှတ် ၂၁၆၊ ၂၂၂ မြေညီထပ် ဗိုလ်မြတ်ထွန်း အိမ်ရာ ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၅၄၀၂တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရွှံ့ကဏန်းများ မျိုးစိုက်ထည့်ပွဲ ငွေမြို့နယ်၌ ကျင်းပ

ဖြူ စက်တင်ဘာ ၂၂

ငွေမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငွေမြို့ ကင်းရုံရပ်ကွက် ငွေမြို့ချောင်းမကြီးအတွင်း၌ ငါးသယံဇာတထိန်းသိမ်းရေးအတွက် ၁၀၀ ဂရမ်အောက် ရွှံ့ကဏန်းများ မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၇ ရက်က ကျင်းပသည်။

မျိုးစိုက်ထည့်

အခမ်းအနားတွင် ပြည်နယ်ဦးစီးဌာနမှူး ဦးမျိုးအောင်၊ သံတွဲခရိုင်ဦးစီးဌာနမှူး ဦးသံချောင်း၊ ငွေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်နှင့် ငွေမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးညီထွေးတို့က မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများထံသို့ လွှဲပြောင်းပေးအပ်သော ၁၀၀ ဂရမ်အောက် ရွှံ့ကဏန်းကောင်ရေ ၅၅၀၀ကို ငွေမြို့ ချောင်းမကြီးအတွင်းသို့ မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဥတုရာသီ

တောက်ပိုမို

အင်အားအနည်းငယ်ရှိ မြေငလျင် တစ်ခုလှုပ်

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့ည ၈ နာရီ ၄၉ မိနစ် ၈ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၃၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကောလင်းမြို့နယ်၊ နောင်ကောက်ကျေးရွာ၏ အနောက်မြောက်ဘက် ၈မိုင်ခန့်အကွာ)ကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ် သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးများအသုံးပြုတတ်ခြင်း မြှင့်တင်ပေးနိုင်စေရန် အဓိကဆေးဝါးဆိုင်ရာ သင်ရိုးညွှန်းတမ်း ပြန်လည်ဆန်းစစ်သုံးသပ်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၂

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာချက်များအရ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆေးဝါးညွှန်းခြင်း၏ထက်ဝက်ခန့်သည် သင့်လျော်မှန်ကန်မှု မရှိ ဆေးဝါးသောက်သုံးသူများ၏ ထက်ဝက်ခန့်သည်လည်း ဆေးညွှန်းအတိုင်း မသောက်သုံးကြဘဲ မိမိသောက်ချင်သလို သောက်နေကြကြောင်း၊ ပဋိဇီဝဆေးများကိုလည်း မလိုအပ်ဘဲ အသုံးပြုနေကြသည့်အတွက် Resistance အဖြစ်များကြောင်း ဖော်ပြထားကြောင်း သိရှိရသည်။

ရင်ဆိုင်နေကြရ

ထို့အတူ တစ်ကမ္ဘာလုံး၌ ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးများမသုံးစွဲခြင်း ပြဿနာကိုအရေးကြီးသည့် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အနေဖြင့် ရင်ဆိုင်နေကြရကြောင်း၊ မြန်မာနိုင်ငံ၌လည်း အလားတူပြဿနာကို ဖြစ်စေသည့် အချက်များမှာ လူနာတစ်ဦးအတွက် ဆေးအမျိုးပေါင်း များစွာညွှန်းခြင်း (Poly Pharmacy)၊ မလိုအပ်ဘဲ ပဋိဇီဝဆေးများပေးခြင်း၊ မလိုအပ်ဘဲ ဆေးထိုးခြင်း၊ လူနာများ၏တောင်းဆိုမှုကြောင့် ဆေးပေးခြင်း၊ ဆေးထိုးခြင်း၊ ဆေးပတ်လည်အောင်မသောက်ခြင်း၊ ထုတ်ပြန်ထားသော Treatment Guidelines များကို အသုံးမပြုခြင်း၊ နားလည်တတ်ကျွမ်းသူထံ တိုင်ပင်ဆွေးနွေးခြင်းမပြုဘဲ မိမိဘာသာ ဆေးဝယ်သောက်ခြင်း၊ ဆေးဆိုင်မှ တွဲပေးသော ဆေးတွဲများ သောက်ခြင်းတို့ဖြစ်ကြောင်း သိရှိရသည်။

ပြန်လည်ဆန်းစစ်

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ တက္ကသိုလ်များနှင့် နီးနွယ်တက္ကသိုလ်များရှိ ဆေးဝါးဗေဒဌာနများမှ အဓိကဆေးဝါးဆိုင်ရာ သင်ရိုးညွှန်းတမ်းအား ပြန်လည်ဆန်းစစ် သုံးသပ်ဆွေးနွေးပွဲ (Workshop on Review of Essential Medicines Concepts and Preseribing practice in the Curricual of all medical and related Universities) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အတွေ့အကြုံများဖလှယ်

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက အဖွင့်အမှာစကားပြောကြားရာ၌ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အဓိက တာဝန်ယူဆောင်ရွက်နေကြသည့် ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဝါးသိပ္ပံပညာရှင်များ မွေးထုတ်ပေးရာ တက္ကသိုလ်များ၌ သင်ကြားပေးနေသည့် ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများအနက် အဓိကဆေးဝါးများနှင့် သက်ဆိုင်သည့်ခံယူချက်၊ သဘောတရားများ၊ ကျိုးကြောင်းညီညွတ်စွာ ဆေးဝါးများညွှန်းခြင်းဆိုင်ရာ သင်ရိုးညွှန်းတမ်းများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ခြင်းဖြင့် ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးများအသုံးပြုတတ်ခြင်း (Rational Use of Medicines) ကို မြှင့်တင်ပေးနိုင်စေရန်အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အဓိကဆေးဝါးများကို ခံယူချက်နှင့် သဘောတရားများကိုနားလည်ခြင်းကြောင့် ကျန်းမာရေးဝန်ထမ်းများသည် မှန်ကန်သောရောဂါလက္ခဏာများသိရှိပြီး ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးညွှန်းပေးနိုင်ခြင်းဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံကြီးများ၊ အထူးကုဆေးရုံကြီးများ၊ သင်ကြားရေး ဆေးရုံကြီးများတွင်လည်း ကုသမှုအရည်အသွေး ထက်မြက်လာစေခြင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးနိုင်ခြင်း၊ ဆေးများညွှန်းရာတွင် Standard Treatment Guidelines အတိုင်းညွှန်းခြင်းဖြင့် ဆေးသုံးစွဲမှုအမယ်များ လျော့နည်းလာ၍ ငွေကုန်မှုသက်သာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်စေမည်ဖြစ်သည့်အတွက် အချင်းချင်း အတွေ့အကြုံများ ဖလှယ်ကြပြီး တက်တက်ကြွကြွနှင့် ပါဝင်ဆွေးနွေးပေးကြစေလိုကြောင်း မှာကြားသည်။

တက်ရောက်ဆွေးနွေး

အဆိုပါဆွေးနွေးပွဲတွင် ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် ဂေါသကလမ်း အမှတ်(၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace) က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၆-၉-၂၀၁၁ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ၂၀-၉-၂၀၁၁ ရက်နေ့တွင် ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace) က ပါတီ၏တံဆိပ်အား ပြင်ဆင်ခွင့်ပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၃။ သို့ပါ၍ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace) က ပြင်ဆင်တင်ပြလာသည့် ယခုဖော်ပြပါတံဆိပ်ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (Party for Unity and Peace) ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပေါင်းစည်းလယ်ယာမြေများ ဖော်ထုတ်လုပ်ကိုင်ရေး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ကွင်းဆင်းလေ့လာ

မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၂

လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု နတ်မင်းကြီးကျေးရွာတွင် စိုက်ပျိုးထုတ်လုပ် အောင်မြင်နေသော ပေါင်းစည်းလယ်ယာမြေအား လေ့လာအတုယူပြီး ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပေါင်းစည်းလယ်ယာမြေများ ဖော်ထုတ်လုပ်ကိုင်နိုင်စေရန် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ကွင်းဆင်းလေ့လာနည်းစနစ်ရယူပွဲကို စက်တင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါ ပေါင်းစည်းလယ်ယာမြေ၌ ကျင်းပသည်။

ရှင်းလင်းဖြေကြား

ယင်းကွင်းဆင်းလေ့လာပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်မန်နေဂျာ ဦးသိန်းထွန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးအရာရှိ ဦးသန်းရှိန်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးတို့နှင့်အတူ တာဝန်ခံစိုက်ပျိုးထုတ်လုပ်သူ တောင်သူဦးထွန်းမြင့် မိသားစုတို့က ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော ဆင်းသွယ်လတ်လေးကေစိုက်ခင်းနှင့် ငါးကန်၊ နွား၊ ဘဲမွေးမြူရေးလုပ်ငန်း၊ သဘာဝမြေဩဇာထုတ်တီကန်နှင့် အခြားသီးနှံပင်တို့ကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး (၃၂)ဦးတို့အား ပေါင်းစည်းလယ်ယာမြေအတွင်း လိုက်လံရှင်းလင်းပြသပြီး မေးမြန်းချက်များကို စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြကြောင်း သိရှိရသည်။

(ဝဇ)

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

ဥရောပ၏ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံး ပြင်သစ်လွှတ်တင်

ပါရီ စက်တင်ဘာ ၂၂

ဥရောပ၏ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်သွားသည့် အာရီရာနေ-၅ ဒုံးပျံကို ပြင်သစ်နိုင်ငံ ဂိုင်ရာနာမြို့ရှိ ကိုလော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ စက်တင်ဘာ ၂၁ ရက်က အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း ပြင်သစ်အရာရှိများက ပြောကြားသည်။ (ဝဲပုံ)

ငါးကြိမ်မြောက်

၎င်းဒုံးပျံသည် အရာဆက်-၅ စီနှင့် အက်ဖ်အီးအက်စ် -၂ ဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်သွားခြင်းဖြစ်သည်။ ယခုလွှတ်တင်သည့် အာရီရာနေ-၅ ဒုံးပျံလွှတ်တင်မှုသည် ၂၀၁၁ ခုနှစ်အတွင်း ငါးကြိမ်မြောက် လွှတ်တင်ခြင်းလည်းဖြစ်သည်။

လွှတ်တင်လိုက်သည့် ဂြိုဟ်တုနှစ်လုံးသည် ကမ္ဘာ့ဆက်သွယ်ရေးကွန်ရက်ကို ပိုမိုကောင်းမွန်အောင် ပံ့ပိုးပေးမည်ဖြစ်ပြီး အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသများအထိ ကွန်ရက်ဖြန့်ကြက်နိုင်မည် ဖြစ်သည်။

ထို့အပြင် ကာရစ်ဘီယံဒေသနှင့် မြောက်အမေရိကနိုင်ငံများအတွက်လည်း အထောက်အကူပေးနိုင်မည်ဖြစ်ပြီး ၎င်းဂြိုဟ်တုနှစ်လုံးသည် အာကာသအတွင်း ၁၅ နှစ်ကြာ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။ (အင်တာနက်)

အမေရိကန် မီချီဂန်ပြည်နယ်၌ ကားဗုံးပေါက်ကွဲ၊ သုံးဦးဒဏ်ရာရ

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၂၂

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်ကားလမ်းတစ်လမ်းပေါ်တွင် စက်တင်ဘာ ၂၂ ရက် နံနက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

ဒဏ်ရာရရှိ

အဆိုပါကားဗုံးပေါက်ကွဲမှုမှာ မီချီဂန်ပြည်နယ် ဒက်ထရွိုက်မြို့ အနောက်တောင်ဘက် ၃၅ မိုင်ခန့်အကွာ မွန်ရိုးမြို့အဝေးပြေးကားလမ်းပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ) ကားဗုံးပေါက်ကွဲမှုကြောင့် ဖခင်နှင့် ၎င်း၏သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဗုံးကိုကားအတွင်း ထည့်သွင်းထားခဲ့ခြင်းဖြစ်ပြီး ၎င်းကားမောင်းနှင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာမှ ကားမီးလောင်မှုဖြစ်ခဲ့သည်။ ထို့နောက်မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိလာပြီး မီးငြိမ်းသတ်ခဲ့သည့်အပြင် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ မွန်ရိုးမြို့လေးသည် လူဦးရေ ၂၀၀၀၀ခန့်နေထိုင်သည့် မြို့ဖြစ်သည်။ (အင်တာနက်)

တရုတ်၌ရေလွှမ်းမှု ဒေါ်လာ ၁၃ ဘီလီယံကျော်ဆုံးရှုံး

ချန်ဒူ စက်တင်ဘာ ၂၂

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်အနောက်တောင်ပိုင်းတွင် စက်တင်ဘာ ၂၂ ရက်က မိုးသည်းထန်ပြီး ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ လူ ၂၅ ဦး သေဆုံးပြီး ၁၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၁၆ ရက်ကတည်းက မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ကျုကျန်းမြစ်ရေသည် စိုးရိမ်ရေမှတ်ကို ကျော်လွန်ခဲ့ပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သည်။ အချို့အရပ်များ၌ ၇ မီတာအထိ ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ကြောင်း စီချွမ်ရေအရင်းအမြစ်ဌာနက သတင်းထုတ်ပြန်သည်။ (ယာပုံ)

မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် စီချွမ်ပြည်နယ်တွင် အိမ် ၈၃၀၀၀ ကျော်ပျက်စီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုမှာ အမေရိကန် ဒေါ်လာ ၁၃ ဒသမ ၃ ဘီလီယံခန့်အထိ ရှိခဲ့သည်ဟု ၎င်းဌာနမှ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။ တရုတ်နိုင်ငံ ပြည်နယ်ကိုးပြည်နယ်တွင် စက်တင်ဘာ ၁ ရက်မှ စတင်ကာ မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် ဒေသခံ စုစုပေါင်း ၁၀၁ ဦး သေဆုံးခဲ့ရသည့်အပြင် ပြည်သူ ၆ ဒသမ ၁၈ သန်း ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။ (အင်တာနက်)

ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်းရပ်ကွက်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲတွင် သစ်တောအုပ်ကြီး ဦးလှရွှေက ဟောပြောစဉ်။ (ဝ၄၂)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြည့်မြင်တိုင်မြို့နယ်၌ ဟောပြော

ရန်ကုန် စက်တင်ဘာ ၂၂

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၉ ရက်က ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်း အလတ်ချောင်းရပ်ကွက် အမ(၁၅)တွင် ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အနောက်ပိုင်းခရိုင်(အလုံရုံး) သစ်တောအုပ်ကြီး ဦးလှရွှေ ဟောပြောရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (ဝ၄၂)

ဒေါပုံမြို့နယ်၌ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၂

ပြည်သူအများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် လျှပ်စစ်စွမ်းအား အပြည့်အဝ ရရှိခံစားစေရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ စီမံချက်များရေးဆွဲ၍ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ရန်ကုန်အရှေ့ပိုင်းခရိုင်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေါပုံမြို့နယ်အုပ်ချုပ်ရေးမှူးရုံး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စန်း က ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဗဟုသုတများ ဟောပြောပို့ချကြောင်း သိရသည်။ (ဝ၅၁)

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းရန်ကုန်(ရုံးချုပ်)မှ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် လိုအပ်လျက်ရှိသော အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးကုသမှုများလိုအပ်နေသည့်နေရာအတွက် ဆက်သွယ်ဆောင်ရွက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၈ ရက်က စမ်းချောင်းမြို့နယ် မုန့်/တောင်ရပ်ကွက်မှ ကိုမြတ်စိုးအတွက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမင်းအောင်သို့ အသင်းဥက္ကဋ္ဌ ဦးမြတ်ဦးနှင့် ဦးအေးကိုကိုတို့က ချိုင်းထောက်တစ်စုံ ပေးအပ်လှူဒါန်းစဉ်။ (ဝဝ၇)

ခရိုင်အုပ်ချုပ်ရေးမှူးဖလား မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အင်းစိန်မြို့နယ်၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးဖလား မြို့နယ်ပေါင်းစုံအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁နာရီက အင်းစိန်မြို့နယ် မီးရထားဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးဦးနေလင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းမင်းနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲဝင်အသင်းများကို လက်ဆွဲနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ယှဉ်ပြိုင်

ဖွင့်ပွဲတွင် ရွှေပြည်သာမြို့နယ် အသင်းနှင့် ထန်းတပင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သာမောဖွယ် ဆမိုအာနိုင်ငံ၏ ထွန်းပြောင်သော အနာဂတ်

၁၉၉၇ခုနှစ်အထိ အနောက်ဆမိုအာဟု လူသိများသော ဆမိုအာနိုင်ငံမှာ တောင်ပစိဖိတ် သမုဒ္ဒရာအတွင်း၌ တည်ရှိသည်။ **(အောက်ပုံ)** နိုင်ငံအကျယ်အဝန်း ၂၈၃၁ စတုရန်းကီလိုမီတာရှိသည့် ၎င်းနိုင်ငံကို မီးတောင်ကျွန်းကိုးကျွန်းဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါ မီးတောင်ကျွန်းများအနက် ဆာဗိုင်းအိကျွန်းနှင့် ယူပိုလုကျွန်း နှစ်ကျွန်းပေါင်းသည် ၎င်းကျွန်းနိုင်ငံနယ်မြေ၏ ၉၉ ရာခိုင်နှုန်းကျော် ပါဝင်သည်။

ဘာသာစကား

၁၉၆၁ခုနှစ် ဆမိုအာနိုင်ငံ လွတ်လပ်ရေးရသည့်အချိန်တိုင်အောင် ၎င်းနိုင်ငံကို နယူးဇီလန်နိုင်ငံက အုပ်ချုပ်သည်။ လူဦးရေ ၁၇၉၀၀၀ရှိသည့် ၎င်းနိုင်ငံတွင် ဆမိုအာနှင့် အင်္ဂလိပ်ဘာသာစကားနှစ်ရပ်မှာ အဓိက ဘာသာစကားများဖြစ်သည်။ အများစုမှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်သည်။

ငါးဖမ်းခြင်းနှင့် လယ်ယာစိုက်ပျိုးရေးမှာ ၎င်းနိုင်ငံသားတို့၏ အဓိကစီးပွားရေး လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ဆိုင်ကလုန်းမုန်တိုင်းနှင့် ရောဂါဘယများကြောင့် ထိခိုက်နစ်နာရသည်။

အဓိကရ ဝင်ငွေ

ဆမိုအာနိုင်ငံ၏ လှပသော ပင်လယ်ကမ်းခြေများနှင့် သဘာဝအလှရှုခင်းများက မြင်ရသူတိုင်း ဘဝင်ခိုက်စေသည့်အတွက်ကြောင့် ခရီးသွားလုပ်ငန်းမှာလည်း တစ်နေ့တခြား တိုးတက်လာသည်။ ပင်လယ်ရပ်ခြား ဘဏ်လုပ်ငန်းကလည်း မြေစမ်းခရမ်းပျိုးလျက်ရှိသည့်အတွက် ဆိုင်ကလုန်းဒဏ်၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည် မရှိသောငါးဖမ်းလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့အစား အခြားဝင်ငွေရလုပ်ငန်းများ အလားအလာကောင်းလျက်ရှိသည်ဟု ဆိုနိုင်သည်။ ထို့ပြင် နယူးဇီလန်၊ အမေရိကန်နိုင်ငံနှင့် အမေရိကန်ဆမိုအာတို့သို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် လူငယ်များက ပြန်ပို့သည့် ငွေကြေးပမာဏကလည်း ၎င်းနိုင်ငံ၏ အဓိကရ ဝင်ငွေတစ်ခု ဖြစ်သည်။

သာသနာပြု

ဆမိုအာသမိုင်းကို ပြန်ကြည့်လျှင် ၁၇၂၂ ခုနှစ်က တင်အပ်ချ်ရေကြောင်းပြ ဂျက်ကော့ရော့ဂီဗင်း ဆမိုအာကျွန်းကို စတင်တွေ့ရှိသည်။ သူသည် ဆမိုအာကျွန်းကို တွေ့ရှိသည့် ပထမဆုံး ဥရောပတိုက်သား ဖြစ်သည်။ ၁၈၃၀ ပြည့်နှစ်တွင် ဆမိုအာသို့ လန်ဒန်သာသနာပြုအသင်း ရောက်ရှိလာသည်။

၁၈၉၉ ခုနှစ်တွင် ဂျာမနီက အနောက်ဆမိုအာ (ယခု ဆမိုအာနိုင်ငံ)ကိုသိမ်းပြီး အမေရိကန်က အရှေ့ဆမိုအာ (ယခု အမေရိကန်ဆမိုအာ)ကို သိမ်းယူသည်။ ၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကြီးအတွင်းနှင့် နောက်ပိုင်းတွင် အနောက်ဆမိုအာကို နယူးဇီလန်နိုင်ငံက အုပ်ချုပ်သည်။ ပထမကမ္ဘာစစ်ကြီး အပြီးတွင် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ တာဝန်ပေးချက်အရနှင့် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ အမိန့်အာဏာအရ အုပ်ချုပ်ခြင်းဖြစ်သည်။

အမည်ပြောင်း

၁၉၃၉-၁၉၄၅ခုနှစ်တွင် အမေရိကန်တပ်များက စစ်အတွင်း အနောက်ဆမိုအာတွင် တပ်စခန်းချထားသည်။ သို့သော် တိုက်ပွဲဖြစ်ခြင်း မရှိပါ။ ၁၉၆၂ ခုနှစ်တွင် အနောက်ဆမိုအာ လွတ်လပ်ရေးရသည်။ ပထမဆုံး လွတ်လပ်ရေးရသည့် ပစိဖိတ်ကျွန်းနိုင်ငံ ဖြစ်သည်။ ၁၉၉၇ခုနှစ်တွင် အနောက်ဆမိုအာဟူသောအမည်မှ ဆမိုအာနိုင်ငံဟူ၍ အမည်ပြောင်းလိုက်သည်။

ဆမိုအာနိုင်ငံ နယူးဇီလန်၏ လက်အောက်ခံဘဝ အချိန်များအတွင်းက ဆိုးဆိုးရွားရွား ဆက်ဆံခဲ့မှုများနှင့် စပ်လျဉ်း၍ ဆမိုအာနိုင်ငံသားများကို နယူးဇီလန်နိုင်ငံက တောင်းပန်ပါကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဟယ်လင်ကလပ်က အပီယာမြို့တော်၌ကျင်းပသည့် ဆမိုအာလွတ်လပ်ရေးနေ့ အခမ်းအနားသို့ ၂၀၀၂ခုနှစ် ဇွန်လက တက်ရောက်စဉ် ပြောကြားလိုက်သည်။

ဒုတိယမြောက် ဘုရင်မာလီတိုအာတာနုမာဖီလီ ၂၀၀၇ ခုနှစ် မေလတွင် သက်တော်၉၄နှစ်အရွယ်၌ ကွယ်လွန်သည်။ သူသည် ဆမိုအာ ရာသက်ပန်ဘုရင်အဖြစ် ၁၉၆၁ခုနှစ် လွတ်လပ်ရေးရရှိစဉ်က ခန့်အပ်ခံရခြင်းဖြစ်ရာ နန်းသက် ၄၅ နှစ်ကြာ စိုးစံခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ဝန်ကြီးချုပ်ဟောင်း တူလာတွာတူပွာအား နိုင်ငံအကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည့်အတွက် ဘုရင်စနစ်လည်း အဆုံးသတ်သွားသည်။

ယခုအခါ လွတ်လပ်သော ဆမိုအာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအလားအလာ ကောင်းမွန်မှုက သဘာဝအလှအပများဖြင့် ပြည့်စုံသည့် ၎င်းနိုင်ငံ၏ အနာဂတ်အတွက် အားတက်ဖွယ်ပင် ဖြစ်ပါကြောင်း။ ။

တိုး ရေးသားသည်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အာကာဟိန်း ရေးသားသည်



ကမ္ဘာ့အသေးငယ်ဆုံးကြက်ဥ

ပေကျင်း စက်တင်ဘာ ၂၂

တရုတ်နိုင်ငံ ဟေဘေးပြည်နယ်မြောက်ပိုင်း ဟန်ဒန်မြို့ရှိ မွေးမြူရေးခြံတစ်ခြံမှ ကြက်မကြီးတစ်ကောင် စက်တင်ဘာ ၁၆ ရက်က ဥခဲ့သော ကြက်ဥလေးတစ်လုံးမှာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ကြက်ဥတစ်လုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ စက်တင်ဘာ ၂၁ရက်က ဖော်ပြခံရသည်။ **(အပေါ်ပုံ)**

သေးငယ်

၎င်းကြက်ဥလေးသည် အရှည် ၂ ဒသမ ၁ စင်တီမီတာ ရှိပြီး အရွယ်အစားမှာ ဒင်္ဂါးပြားအရွယ်သာရှိသည်။ ပုံမှန်ကြက်ဥတစ်လုံး၏ အရွယ်အစားထက် များစွာသေးငယ်သော အရွယ်အစားဖြစ်သည်။

မှတ်တမ်းတင်

အဆိုပါ ကြက်ဥပိုင်ရှင်က ၎င်းကြက်ဥလေးကို ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခံနိုင်ရန် ဆက်သွယ်ခဲ့ရာမှ တာဝန်ရှိသူများက လာရောက် စစ်ဆေးခဲ့ပြီးနောက် ဂင်းနက်စ်မှတ်တမ်းတွင် ကမ္ဘာ့အသေးငယ်ဆုံးကြက်ဥအဖြစ် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ရုပ်မြင်သံကြားဖမ်းစက်လှူဒါန်းပွဲ ပြင်ရွာကျေးရွာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပ

မြောင်းမြ စက်တင်ဘာ ၂၂

မြောင်းမြခရိုင် မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သင်ကြားရေးအထောက်အကူပြု ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုစက်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်က အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ လှူဒါန်းသော ၂၁ လက်မရောင်စုံ တီဗွီတစ်လုံးနှင့် အီးဗွီဒီစက်တစ်လုံးတို့ကို တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးထံသို့ (ဝဲပုံ) ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲ မင်းဘူး၌ကျင်းပ

မကွေး စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းဟန် ခေါင်းဆောင်သောမင်းဘူးခရိုင်/ မြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများသည် ဩဂုတ် ၁ ရက်နှင့် ဩဂုတ် ၁၈ ရက်များတွင် မင်းဘူးမြို့နယ် အထက(၁)နှင့် အထက(၂)တို့မှ ကျောင်းသားကျောင်းသူများအား ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောကြသည်။ ထို့နောက် မကျန်းမာသူများအား တိုင်းရင်းဆေးဖြင့် ကုသပေးပြီး ပရဆေးပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိနိုင်ရန် လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မကွေးတိုင်းရင်းဆေးရုံ)

မြို့နယ် သတင်း ထွေတလာ

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေါက်ခေါင်းမြို့၌ ပေးအပ်

ပေါက်ခေါင်း စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက အထက(ခွဲ)အိုးဘိုကုန်းကျောင်း၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် အထက(ခွဲ)အိုးဘိုကုန်းကျောင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသည့် ကျောင်းသား ကျောင်းသူ ၂၁၄ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသော်တာသွင်က ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်လေးတင့်သို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်သားမြို့နယ်တွင် တီရစ္ဆာန်ကာကွယ်ဆေးထိုးနှံ ပညာပေးစာစောင်ဖြန့်ဝေ

မြစ်သား စက်တင်ဘာ ၂၂

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ကာကွယ်ဆေးထိုးခြင်း၊ ပညာပေးဟောပြောခြင်း၊ ပညာပေးစာစောင် ဖြန့်ဝေခြင်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

လုပ်ဆောင်ခဲ့

အဆိုပါလုပ်ငန်းများကို ခရိုင်ဦးစီးမှူး ဒေါက်တာရဲထွန်းဝင်း ကြီးကြပ်ပြီး မြစ်သားမြို့နယ် ဦးစီးမှူး ဒေါက်တာတင်မောင်လင်းဦးဆောင်သော သင်တန်းဆင်းကြက်ခြေပြာ ခုနစ်ဦးအဖွဲ့သည် စက်တင်ဘာ၁ရက်တွင် ရိုးကန်ရွာ၌ ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများ ထိုးခဲ့သည်။ တစ်ဖန် စက်တင်ဘာ ၂ရက်တွင် ရွာမုန်းကြီးကျေးရွာ၌ လည်ချောင်းကွဲရောဂါကာကွယ်ဆေး၊ စက်တင်ဘာ ၃ ရက်တွင် ရွှေကျေးရွာ၌ ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေး၊ စက်တင်ဘာ ၄ ရက်တွင် ရန်အေးနှင့် မှိုင်းဟင်ကျေးရွာများ၌ ပေါင်ပုပ်လက်ပုပ် ရောဂါကာကွယ်ဆေး၊ စက်တင်ဘာ ၆ ရက်တွင် ပုဏ္ဏားရွာနှင့် ရွာသာအေးကျေးရွာ၌ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့်အတူ ကူးစက်ရောဂါဆိုင်ရာ ပညာပေးဟော ပြောခြင်း၊ ပညာပေးစာစောင် ၅၀၀ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လက်ခံ

ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရားအရှေ့မုခ် ဒေါ်လှယဉ် မေ့္မာရုံ၌တည်ရှိသော မြို့မသာသနာ့အကျိုးဆောင်အဖွဲ့သို့ စက်တင်ဘာ ၁၄ ရက်တွင် သားကိုသန်းထွဋ်နိုင်အား ရည်စူး၍ ပုသိမ်မြို့ မရမ်းချိုလမ်းနေ ဦးသန်းဦး-ဒေါ်စိုးစိုးရီ၊ သမီး မဆုရတနာဗိုလ် (အထက-၁ ပြင်ဦးလွင်မြို့)၊ မြေး မောင်ရှင်းသန့်ဗိုလ် (KSS-ခိုင်ရွှေစင် သောက်ရေသန့်ကုမ္ပဏီ) မိသားစုက စတုတ္ထအကြိမ်မြောက် အလှူငွေကျပ်လေးသိန်း လှူဒါန်းရာ ဥက္ကဋ္ဌဦးထွန်းဝေနှင့် ဥက္ကဋ္ဌဦးမျိုးဆန်းတို့ လက်ခံယူစဉ်။ (၀၇၇)

ပုလဲမြို့၌ အမျိုးသမီးအိမ်တွင်းမှုသင်တန်းဖွင့်

ပုလဲ စက်တင်ဘာ ၂၂

အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၈)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၇ နာရီက ပုလဲမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ဒေါ်ညွှန့်တင်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

တက်ရောက်

အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၈)တွင် သင်တန်းသူ ၄၀နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၄)တွင် သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်း အင်္ဂပူ၌ မတည်ငွေပေးအပ်

အင်္ဂပူ စက်တင်ဘာ ၂၂

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ် ရှစ်ခုအနက် အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်း ဆောင်ရွက်ရန် ပထမအကြိမ် မတည်ငွေ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ရက်က အင်္ဂပူမြို့ သာသနာ့ဗိမာန်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ပေးအပ်

အဆိုပါအခမ်းအနားတွင် ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေ၊ အင်္ဂပူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဦးနှင့်အဖွဲ့၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပထမအကြိမ် မတည်ငွေကျပ် ၅၉၆ သိန်းကို ထည့်ဝင်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ

ဖျာပုံမြို့နယ်ကျေးရွာများ၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ဖျာပုံ စက်တင်ဘာ ၂၂

ငါးသယံဇာတ တိုးတက်ရေးနှင့် ငါးမျိုးမပြုန်းတီးရေးအတွက် အနယ်နယ်အရပ်ရပ်တွင် ငါးမျိုးစိုက်ထည့်ပွဲများ ကျင်းပလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ရက်က ကံ့ကူတာရှမ်းကွင်းကျေးရွာနှင့် ဩဂုတ် ၂၁ ရက်က သလိတ်ကြီးကျေးရွာတို့၌ ကျင်းပသည်။ **(အောက်ပုံ)**

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် ဖျာပုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ဝါဝါသိန်းနှင့် ဝန်ထမ်းများက တောင်သူ ၅၉ ဦး၏ လယ် ၃၁၈ ဧကအတွက် ငါးသားပေါက်များပေးအပ်ပြီး စပါးခင်းများအတွင်းသို့ ထိုင်းငါးခုံးမကြီး ကောင်ရေ ၁၅၉၀၀၀ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး တောင်ဥက္ကလာပမြို့နယ်၌ မြေစိုက်ပိုစတာ စိုက်ထူ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အုပ်ချုပ်ရေးမှူးရုံး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သူ ဦးဆောင်သောအဖွဲ့ စက်တင်ဘာ ၈ ရက်က ပါရမီလမ်းနှင့် သုမင်္ဂလာလမ်းထောင့်၌ အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပေးကြော်ငြာ မြေစိုက်ပိုစတာများ စိုက်ထူပေးခဲ့ကြသည်။

စိုက်ထူ

အလားတူ အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် သုမင်္ဂလာလမ်း နန္ဒဝန်ဈေးရှေ့တွင်လည်းကောင်း၊ သံသုမာလမ်း ဥက္ကလာပစေတီရှေ့တွင်လည်းကောင်း၊ ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်တို့တွင်လည်းကောင်း မြေစိုက်ပိုစတာများ အသီးသီးစိုက်ထူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်အုပ်ချုပ်ရေးမှူးရုံး)

ကလေးသူငယ်များ အကြမ်းဖက်ခံရမှု လျှော့နည်းပပျောက်ရေးဆွေးနွေး

တာချီလိတ် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံ လူမှုဝန်ထမ်းဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ (တာချီလိတ်)နှင့် ဝေါ်ဗီးရှင်းမြန်မာ(တာချီလိတ်)တို့ ပူးပေါင်းကြီးမှူးကျင်းပသော ကလေးသူငယ်များ အကြမ်းဖက်ခံရမှုလျှော့နည်းပပျောက်ရေး ပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက် နံနက်က တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအုန်းကျော်က ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး ခရိုင်တရားသူကြီး ဦးထိန်လင်း၊ ခရိုင်ဥပဒေအရာရှိ ဦးစိုင်းကျော်ဇံ၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း (ကျိုင်းတုံ)ကျောင်းအုပ်ဆရာမ ဒေါ်ခင်ခင်မြင့်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့(တာချီလိတ်)တာဝန်ခံ ရဲအုပ်ရင်ရင်အေးနှင့် ဝေါ်ဗီးရှင်းမြန်မာ (တာချီလိတ်)မန်နေဂျာ ဦးညွန့်အောင်တို့က ကလေးသူငယ်များ အကြမ်းဖက်မှုနှင့် ပတ်သက်သော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကလေးသူငယ် အကြမ်းဖက်ခံရမှု အမျိုးမျိုးနှင့် ဆိုးကျိုးများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း (၉)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အစီရင်ခံစာ (၁)ခုကို ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၉၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦးက "**ပခုက္ကူမြို့တွင် ယခုတည်ဆောက်လျက်ရှိသော ရောဝတီ တံတား(ပခုက္ကူ)အနီး၌တည်ရှိသည့် ပေါက်အင်း(ခေါ်)သဘာဝအင်းကြီးမှာ ရေဝင်ရောက်မှု နည်းပါးနေပါသဖြင့်** *စာမျက်နှာ ၈ ကော်လံ ၁* ●

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စေတနာနှင့် သဘောထားအမှန်ကို သိမြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လက်နက်ဖြင့် အလင်းဝင်ရောက်

နိုင်ငံတော်အစိုးရ၏ စေတနာနှင့် သဘောထားအမှန်ကို သိမြင်ပြီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာသော KNU/KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့မှ ဗိုလ်ကြီး အဆင့်ရှိ စောနန်းဦး ဦးစီးအဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၂

နိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေပြီဖြစ်ရာ အမျိုးသားပြန်လည်စည်းလုံးရေးအတွက် ထားရှိသော နိုင်ငံတော်၏ စေတနာနှင့် သဘောထားအမှန်ကို သိမြင်နားလည်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အချို့သည် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူတို့နှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန် တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိသည်။

ဥပဒေဘောင်အတွင်းဝင်ရောက်

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ၌ စက်တင်ဘာ ၂၁ ရက်တွင် KNU/KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ စောနန်းဦး ဦးစီးအင်အား ခြောက်ဦးတို့သည် အမ်-၁၆သုံးလက်၊ အေကေ-၄၇ တစ်လက်၊ အမ်-၂၂ တစ်လက်၊ ပွိုင့်-၃၀ ကာဘိုင် တစ်လက်၊ ၉ မမ ပစ္စတို တစ်လက်၊ ကျည်မျိုးစုံ ၂၄၀ တောင့်၊ ကျည်အိမ်မျိုးစုံ ၁၀ ခုတို့ဖြင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

KNU/KNLA အဖွဲ့သည် ယခင်က နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး ယူထားပြီးဖြစ်သော်လည်း လက်နက်အပ်နှံခြင်းမရှိသေးသောအဖွဲ့ဖြစ်ပြီး ယခုအခါ ၎င်းအဖွဲ့မှခွဲထွက်လျက် လက်နက်ဖြင့် အလင်းဝင်ရောက်လာကြခြင်းဖြစ်သည်။

ပံ့ပိုးကူညီဆောင်ရွက်

အဆိုပါ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ကြသူ ခြောက်ဦးတို့အား တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်း အညွှန်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းစည်းဝေး
ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ယခင်အတွေ့အကြုံများအပေါ်အခြေခံ၍ နောင်တွင် ယခုထက် ပိုမိုပြည့်စုံကောင်းမွန်အောင် ဥပဒေနှင့်အညီ တိကျစွာဆောင်ရွက်။ စာ-၃

ဓာတ်မြေသြဇာ သွင်းအားစုလိုအပ်ချက်များ အချိန်ကိုက်၊ အချိုးကျ ထည့်သွင်းအသုံးပြု တောင်သူများ တွက်ခြေကိုက်ရန် ဈေးနှုန်းနှင့် ဈေးကွက်ခိုင်မာရေးဆောင်ရွက် စာ-၅

ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးများအသုံးပြုတတ်ခြင်း မြှင့်တင်ပေးနိုင်စေရန် အဓိကဆေးဝါးဆိုင်ရာ သင်ရိုးညွှန်းတမ်း ပြန်လည်ဆန်းစစ်သုံးသပ်ဆွေးနွေးပွဲကျင်းပ စာ-၁၁